# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့် ၊ တနင်္ဂနွေနေ့ ၊ (29-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၈၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

ယနေ့သည် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် သီတင်းကျွတ်ရုံးပိတ်ရက်ဖြစ်သည်နှင့် အညီ ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# မင်္ဂလာစုံညီ သီတင်းကျွတ်အခါရာသီ

သီတင်းကျွတ်လသည် မြန်မာလများတွင် ခုနစ်လမြောက်ဖြစ်သည်။ မိုးရာသီကုန်ဆုံးတော့မည့်လဖြစ်သော်လည်း ပလ္လင်ဆေးမိုး ရွာသွန်းဖြိုး ဟူသော လင်္ကာအတိုင်း ဘုရားဆွမ်းတော်တင်သည့် သံပုတ်ပလ္လင်တော် ဆေးကြောပေးသည့် နှုတ်ဆက်မိုးများ ရွာသွန်းလေ့ရှိသည်။ ထို့ပြင် ဆောင်းရာသီ၏ အဦးအစအချိန်အခါလည်းဖြစ်ပြီး ပုရိမဝါဆိုတော်မူကြသည့် သံဃာတော်များ ဤသီတင်းကျွတ်လပြည့်နေ့ကစ၍ ဝါဆိုသည့်ကာလ ကုန်ဆုံးသွားပြီဖြစ်သည့်အတွက် တစ်ရပ်တစ်ပါးသို့ လွတ်လပ်စွာ ဒေသစာရီကြွချီတော်မူနိုင်သည့် ကာလဖြစ်ပါသည်။

မြန်မာတို့သည် သီတင်းကျွတ်အခါသမယ၌ ကျင်းပပူဇော်ကြသည့် မီးထွန်းပွဲတော်ကိုလည်း သီတင်းကျွတ်ပွဲတော်၊ မီးမြင်းမိုရ်ပွဲတော်၊ ကျေးလက်ဒေသများတွင် တာဝတိံသာပွဲတော်ဟူ၍ အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ကျင်းပကြသည်။ ထိုသို့ မီးထွန်းပွဲတော်များ ကျင်းပခြင်းသည် သီတင်းကျွတ်လ၏ အနှစ်သာရ အစစ်အမှန်ဖြစ်သော အဘိဓမ္မာအခါတော်နေ့ဖြစ်ပေါ်လာပုံနှင့် ဆက်စပ်လျက်ရှိသည်။ ဂေါတမဘုရားရှင်သည် ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ မယ်တော်ဟောင်း သန္တုသိတနတ်သားအမှူးပြုသော နတ်ဗြဟ္မာပရိသတ်အပေါင်းကို အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးလေသည်။ ထို့နောက် ဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်(သင်္ကဿနဂိုရ်ပြည်)သို့ နတ်ဗြဟ္မာအပေါင်းခြံရံလျက် ပြန်ကြွလာစဉ် ရဟန်းရှင်လူအပေါင်းက နှစ်ထောင်းအားရ ပူဇော်ကြလေသည်။ ထိုမှ သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်း မီးပုံး၊ မီးပန်း၊ မီးရောင်စုံဖြင့် စဉ်လာမပျက် ပူဇော်ကြရာ ယနေ့တိုင် မြန်မာ့ယဉ်ကျေးမှုရာသီပွဲတော်အဖြစ် ဆီမီးပူဇော်ပွဲများ ဆင်နွှဲကျင်းပကြခြင်းပင်ဖြစ်ပါသည်။

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် မိဘ၊ ဆရာများနှင့် သက်ကြီးဝါကြီးကိုလည်း မွန်မြတ်သောဝတ္ထုပစ္စည်းများဖြင့်လည်းကောင်း၊ လက်အုပ်ချီမိုး၍လည်းကောင်း အထူးတလည် ပူဇော်ကန်တော့ကြသည်။ ရဟန်းတော်များတွင်လည်း အချင်းချင်းဖိတ်ကြားကာ စုဝေးကြပြီး တစ်ပါးနှင့်တစ်ပါး အပြစ်ကြီးငယ်တို့ကို ညွှန်ပြဆုံးမပါရန် ဝါစဉ်အလိုက် ပန်ကြားလျှောက်ထားကြပြီး ပဝါရဏာပြုကြသည်။ သတ္တဝါမှန်သမျှ သံသရာခရီးသည်များဖြစ်ကြသဖြင့် တစ်ဦးပေါ်တစ်ဦး အပြစ်များရှိနိုင်ပေသည်။ ထို့ကြောင့် အပြစ်ကို ပပျောက်စေရန် မိဘ၊ ဆရာ၊ သက်ကြီးဝါကြီးပုဂ္ဂိုလ်များကို ပူဇော်ကန်တော့ခြင်းသည် ပူဇာစပူဇနေယျာနမင်္ဂလာ၊ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတာမင်္ဂလာ၊ သောဝစဿတာမင်္ဂလာ စသောတရားတော်တို့ ပြည့်စုံလှသောကြောင့် အကျိုးထူးလှသည့်အစဉ်အလာကောင်းတစ်ခုပင်ဖြစ်ပါသည်။

သီတင်းကျွတ်လပြည့်နေ့ အခါသမယပူဇော်ပွဲများသည် ဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ကြွမြန်းတော်မူစဉ် လူအများပူဇော်ကြပုံအကြောင်းခံလျက် မီးမြင်းမိုရ်ပွဲကို ရှေးအစဉ်အလာနှင့်အညီ စည်ကားပျော်ရွှင်စွာ ကျင်းပကြသည်။ ဘုရားရှင်က မယ်တော်ဟောင်းအပေါ် ကျေးဇူးဆပ်တရားဖြစ်သော အဘိဓမ္မာတရားတော်ကို အကြောင်းပြု၍လည်း မွန်မြတ်ပူဇော်အပ်သည့် အဘိဓမ္မာအခါတော်နေ့ဟုလည်း သတ်မှတ်ပူဇော်ကြသည်။ ထို့ပြင် ရဟန်းတော်တို့ ဝါဆို၊ ဝါတွင်းကာလ ကုန်ဆုံးပြီဖြစ်၍ အရပ်တစ်ပါးသို့ လွတ်လပ်စွာ ဒေသစာရီကြွချီတော်မူနိုင်သဖြင့် ရဟန်းတို့အတွက်လည်း လွတ်လပ်ကျေနပ်စရာ မင်္ဂလာရှိပါပေသည်။ ဗုဒ္ဓဘာသာဝင်လူအပေါင်းတို့အတွက်လည်း ဝါတွင်းကာလ အိမ်ရာတည်ထောင်လိုမှုကို ထိန်းချုပ်ထားရာက သီတင်းကျွတ်လပြည့်ကျော်ပါက ပြန်လည်ဆောင်ရွက်နိုင်သည့် အာဝါဟ ဝိဝါဟမင်္ဂလာတို့နှင့်လည်း ပြည့်စုံပြီဖြစ်ရာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့အတွက် မင်္ဂလာစုံညီ သီတင်းကျွတ်အခါရာသီပင်ဖြစ်ပါကြောင်း ကြည်နူးစွာရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၉၂၃၅၆ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေလာရောက် ဖူးမြော်ကြပါတယ်။ နေပူရင်လဲ ဘုရားဖူးတွေ ခြေမပူအောင် အခင်းတွေပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ပါတယ်။ သီတင်းကျွတ်ကာလဖြစ်တာကြောင့် ဘုရားဖူးတွေ ပိုပြီးလာရောက်ဖူးမြော်တာကို တွေ့ရပါတယ်။ ဘုရားဖူးတွေက နားနေဆောင်တွေမှာလဲ ဝင်ရောက်နားခိုပြီး အပန်းဖြေနေကြတာကို တွေ့ရပါတယ်။ အရိပ်ရပင်တွေလဲ စိုက်ပျိုးထားပြီး အနားယူဖို့အတွက် ခုံတွေလဲပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ သနပ်ခါးကျောက်ဖျဉ်ကြီးမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့ စည်ကားနေပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချပြီး ဝယ်ယူသူတွေနဲ့စည်ကားနေပါတယ်"ဟု ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၄၅၉၈ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၃၇၈၄၉၅ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၉၂၆၃ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပြောင်းဖူးများ ဈေးကောင်းရရှိနေ

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့်ပြောင်းဖူးများ ဈေးကောင်းရရှိနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါပြောင်းဖူးများသည် ပြင်ဦးလွင်နှင့် နောင်ချိုဒေသတို့မှ ထွက်ရှိပြီး မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ခုနစ်စီးမှ ရှစ်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ပြောင်းဈေးနှုန်းများမှာ ပိဿာချိန် ၃၀ ဆံ့ အဖူးရေ ၁၀၀ ပါ အိတ်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ ထိရရှိနေကြောင်း သိရသည်။

"လက်ရှိအချိန်မှာ ဈေးကိုဝင်ရောက်လာတဲ့ ပြောင်းဖူးတွေ ဈေးကောင်းရရှိနေပါတယ်။ ပြောင်းဖူးက တောင်ပေါ်တွေကပဲ ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသကပြောင်းဖူးတွေ ဝင်ရောက်မှုမရှိတော့ပါဘူး။ ပြောင်းဖူးကို အိတ်ဖြတ်ဝယ်ယူကြတာ များပါတယ်။ ပြောင်းဖူးတွေကိုတော့ လားရှိုးနဲ့ ရန်ကုန်တို့ကိုလဲ တင်ပို့ရပါတယ်။ အခုနောက်ပိုင်းမှာ ပြောင်းစိုက်တဲ့သူတွေလဲ နည်းသွားတာကို တွေ့ရပါတယ်။ ဈေးကို ပြောင်းအခြောက်တွေလဲ ဝင်ရောက်တာရှိပါတယ်။ ပြောင်းအခြောက်တွေ ဈေးကိုဝင်ရောက်လာရင်တော့ ပြောင်းဈေးက ငြိမ်နေတာတွေရှိတတ်ပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှ ထွက်ရှိသည့်ဂျုံများ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မြင်းမူဘက်မှ ထွက်ရှိသည့်ဂျုံများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီး ကုန်သည်များအနေဖြင့် ဝယ်ယူမှုများပြားလာသည့်အပြင် ဈေးကွက်အတွင်း၌ပါ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေး ဈေးကွက်ထဲမှာ ငါန်းဇွန်၊ မြို့သာ၊ မုံရွာတွေဘက်ကဝင်လာတဲ့ ဂျုံတွေလဲရှိပါတယ်။ ဒါပေမဲ့လဲ မြင်းမူဘက်ကထွက်ရှိတဲ့ ဂျုံတွေက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်လာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ ဒုတိယပတ်က မြင်းမူဘက်မှထွက်ရှိသည့် ဂျုံများ အရောင်းအဝယ်အေးခဲ့ခြင်းကြောင့် ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ သာရှိခဲ့ကြောင်း၊ ယခုအခါ မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ အဝယ်လိုက်လာခြင်းကြောင့် အောက်တိုဘာ ၂၇ ရက်တွင် ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ ဂျုံအရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ အခုလတ်တလော တော်တော်လေးပြန်ပြီးများလာတယ်။ ပြည်ပဈေးကွက်ကိုတော့ ဂျုံတင်ပို့မှုက အနည်းငယ်လောက်ပဲရှိတယ်။ ဂျုံအသစ်တွေ ဈေးကွက်ထဲပြန်ဝင်လာပြီဖြစ်တာကြောင့် နောက်ပိုင်း ဂျုံဈေးထပ်ပြီးကောင်းဖို့ရှိနေပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်းလမ်းအမှတ်-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဟသ်ာတမြို့နယ်တွင် ပဲစင်းငုံ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၁၀၀၀ ထိ ဈေးကောင်းရရှိ

**ဟသ်ာတ အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ပဲစင်းငုံ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၁၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဟသ်ာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းဌေးက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် လက်ရှိ ပဲစင်းငုံလက်ကျန်များ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဩဂုတ်လနှင့် စက်တင်ဘာလက ပဲစင်းငုံ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀ ထိသာ ဈေးရှိခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ယနေ့ထိ ပဲစင်းငုံ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၁၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါပဲစင်းငုံများ ဈေးကောင်းရရှိလာခြင်းသည် ပြည်ပဈေးကွက် အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဈေးကွက်ထဲမှာ လက်ကျန်ပဲစင်းငုံတွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် ဈေးကောင်းရရှိနေပါတယ်။ လက်ရှိ ပဲစင်းငုံတွေက သိုလှောင်ထားသူတွေနဲ့ ကုန်သည်တွေဆီမှာပဲ ရှိပါတော့တယ်။ ဟသ်ာတမြို့နယ်ဒေသထွက်ကုန်သီးနှံတွေကို ဒေသပွဲရုံတွေကနေတစ်ဆင့် ရန်ကုန်မြို့ကို အဓိက တင်ပို့ရောင်းချလျက်ရှိပါတယ်။ ရန်ကုန်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ။ လက်ရှိ ပဲစင်းငုံ ၂၄ ပြည်ဝင်တစ်အိတ်ကို အရင်ထက် ငွေကျပ် ၁၈၀၀၀ ထိ ဈေးပိုရနေပါတယ်"ဟု ဟသ်ာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းဌေးက ပြောပြသည်။

ဒေသထွက် ပဲစင်းငုံများကို ဟသ်ာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်မြို့သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန် စသည့်နိုင်ငံများသို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးစင်မောင်ဦးက ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာဦးညွန့်သန်းနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၄၃၇၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၄၃၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၃၇၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၃၇၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ပဲမျိုးစုံဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတာ ဧက ၄၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားချက်ထက် ဧက ၁၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးပါတယ်"ဟု ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

မြို့နယ်အလိုက် ပဲမျိုးစုံစိုက်ပျိုးထားရှိမှုအနေဖြင့် ကသာမြို့နယ်တွင် ပဲတီစိမ်း ၄၆ ဧက၊ ပဲစင်းငုံ ၉၆၀ ဧက၊ အခြားပဲ ၃၁၈၂ ဧက၊ ထီးချိုင့်မြို့နယ်တွင် မတ်ပဲ ၁၁ ဧက၊ ပဲတီစိမ်း ဧက၂၀၊ ပဲပုပ် ၁၁ ဧက၊ ပဲစင်းငုံ ၂၅ ဧက၊ အခြားပဲ ၃၅ ဧက၊ ဝန်းမောက်မြို့နယ်တွင် ပဲတီစိမ်း ၃၂ ဧက၊ ပဲပုပ် ၂၃ ဧက၊ အခြားပဲ ၃၂ ဧက စုစုပေါင်း၄၃၇၈ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ပဲတီစိမ်း ၆၃၂ ဧက၊ ပဲစင်းငုံဧက၂၀၆၀၊ အခြားပဲ ၅၇၄ ဧက၊ ထီးချိုင့်မြို့နယ်တွင် ပဲပုပ် ၃၇ ဧက၊ ဝန်းမောက်မြို့နယ်တွင် ပဲတီစိမ်း ဧက ၄၀၊ အခြားပဲ ၃၂ ဧက စုစုပေါင်း၃၃၇၅ ဧကဖြစ်ကြောင်း သိရသည်။ (၂၀၆)

# အမ်းမြို့နယ် ဂါယ်လောင်းကျေးရွာ၌ ကျေးလက်အိမ်ရာတည်ဆောက်နေမှု စစ်ဆေး

**အမ်း အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ဂါယ်လောင်းကျေးရွာအုပ်စု ဂါယ်လောင်းကျေးရွာ၌ ကျေးလက်အိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဂါယ်လောင်းကျေးရွာ၌ ကျေးလက်အိမ်ရာ ခြောက်လုံး တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သည့် ဆည်းလည်းသာကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ ရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမ်းမြို့နယ် ဂါယ်လောင်းကျေးရွာ၌ အလျား ၁၈ ပေ၊ အနံ ၂၄ ပေ၊ အမြင့်ကိုးပေရှိ ကျေးလက်အိမ်ရာ ခြောက်လုံး တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၈၈ ဒသမ ၉၇၅၂ သန်းဖြင့် ဆည်းလည်းသာကုမ္ပဏီက ဩဂုတ် ၂၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း အမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းထံမှ သိရသည်။ **ကိုသန်း**

# နောင်မွန်မြို့နယ် ဂါတ်ထုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နောင်မွန် အောက်တိုဘာ ၂၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂါတ်ထုကျေးရွာအုပ်စု ဂါတ်ထုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် နောင်မွန်ဌာနေညီကိုများကုမ္ပဏီမှ တာဝန်ရှိသူများက ဂါတ်ထုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ရေရရှိရေးကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများကို မှာကြားသည်။

နောင်မွန်မြို့နယ် ဂါတ်ထုကျေးရွာ၌ အရှည် နှစ်မိုင် စိမ့်စမ်းရေပိုက်သွယ်တန်းခြင်း၊ အရှည် ၂၅ ပေ၊ အကျယ် သုံးပေ၊ အမြင့် ငါးပေ ရေတားတမံတည်ဆောက်ခြင်းနှင့်ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် နောင်မွန်ဌာနေညီကိုများကုမ္ပဏီက ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်းဖြင့် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

နောင်မွန်မြို့နယ် ဂါတ်ထုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် အဆိုပါကျေးရွာရှိ အိမ်ခြေ ၆၈ အိမ်၊ လူ ၃၈၅ ဦး သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း နောင်မွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**



# သီတင်းကျွတ်လ

မောင်လူမွှေး(မြန်မာမှု)

သီတင်းကျွတ်လကို ပုဂံခေတ်ထိုးကျောက်စာများတွင် "သန်တူ"လဟု ရေးထိုးကြ၏။ ရှေးရေးပေဒင်ကျမ်း၊ ဆေးကျမ်းမှတ်တမ်းများတွင် "သန်တူ"လဟုပင် တွေ့ရပေသည်။

လေ့သင်းအတွင်းဝန် ဦးခြိမ့်က သူ၏ဝေါဟာရလီနတ္ထဒီပနီ(ပြောဆိုသောစကား အနက်အဓိပ္ပာယ်လျှို့ဝှက်ရာကိုဖွင့်ဆိုသော)ကျမ်းတွင် "သန်"ပုဒ်မှာ ဝဿန္တဥတုမှ "သန်"ကိုယူ၍ မိုးဥတုရာသီမှာပင်ကျရောက်သောတူရာသီမှ "တူ"ကိုယူကာ ပေါင်းစပ်ဝေါဟာရ "သန်+တူ"လဟု ခေါ်ဝေါ်ကြောင်းဖွင့်ဆိုထားလေသည်။

ဤအဆိုကို လက်မခံလိုပေ။ ပုဂံခေတ်ဦးဝေါဟာရများသည် သာစုသာစုခေါ်သည်ကိုပင် "ကောင်းလောင်တည်းကောင်းလောင်တည်း၊ ကောင်းပေ၏ကောင်းပေ၏"ဟု မြန်မာစကားစစ်စစ်ဖြင့် ရေးထိုးကြ၏။ ဆင်းရဲ၊ ချမ်းသာ၊ ကောင်းမှု၊ မကောင်းမှုစသည်တို့ကိုလည်း မူရင်းမြန်မာ ဝေါဟာရအတိုင်း သုံးစွဲကြလေသည်။ နောင် ဗုဒ္ဓဘာသာလှိုင်လှိုင်ကြီးထွန်းကားလာသောအခါမှ ဆင်းရဲ+ဒုက္ခ(ပါဠိသက်)၊ ချမ်းသာ+သုခ(ပါဠိသက်)၊ ကောင်းမှု+ကုသိုလ် (ပါဠိပျက်)၊ မကောင်းမှု+ဒုစရိုက်(ပါဠိပျက်)၊ အိုး+စရည်း(မြန်မာမွန်) စသည်ဖြင့် ဝေါဟာရတွဲစပ်သုံးစွဲလာကြလေသည်။ အလွန်ရှေးကျသောအခါက ဝဿန္တနှင့် တူရာသီ ဝေါဟာရနှစ်ခုကိုဆက်စပ်၍ "သန်တူ"ဟု သုံးလာသည်ဆိုခြင်းမှာ မဖြစ်နိုင်တန်ရာပေ။ ဘာသာစကားဝေါဟာရတို့သည် ဆယ်စု၊ ရာစုတိုင်ပြီးမှသာ အရှည်တည်တံ့မြဲဖြစ်ပေသည်။

ဆရာကြီးဦးဖိုးလတ်ကမူ "သန်"သည် ကောက်စပါးကိုပြဆိုသော မြန်မာစကားဖြစ်သည်။ မိုးရာသီကာလ လုပ်ဆောင်သောလယ်ကို သန်လယ်၊ ဆောင်းဥတုကာလ လုပ်ဆောင်သောလယ်ကို မူရင်းလယ်ဟု ခေါ်ကြရာ "သန်"သည် ကောက်စပါးကိုပြဆိုသော မြန်မာစကားစစ်စစ်ဖြစ်သည်။ "တူ"မှာလည်း တစ်စုံတစ်ခုကို ထောင်မတ်သည်၊ စိုက်သည်ဟူသော အဓိပ္ပာယ်ရသည့် ထူ=တူဝေါဟာရမှ "တူ"သာဖြစ်သည်။ ထူမတ်ခြင်း၊ ထောင်ခြင်း၊ တက်၊ ထွက်၊ ထ၊ ထောင်၊ ပေါက် အဓိပ္ပာယ်ကိုမြန်မာတို့နှင့် ဘာသာစကား နီးနွယ်သော မူဆိုဘာသာ၊ ပေါင်းရှည်ချင်းဘာသာ၊ လီဆူဘာသာ၊ တရုတ်ဘာသာတို့တွင် "တူ"ဝေါဟာရကိုသုံးပေသည်။ ဆရာကြီးဦးဖိုးလတ်၏ သုတေသနပြုချက်ကို ထောက်ခံရပါမည်။

"သန်တူလ"မှသီတင်းကျွတ်လကိုပြောင်းလဲလာပုံတို့မှာ ဗုဒ္ဓဘာသာကိုအခြေခံ၍ ဖြစ်လာသောအရာဖြစ်ပေသည်။ အင်းဝခေတ် သက္ကရာဇ် ၈၀၀ ဝန်းကျင်တွင် ရေးထိုးခဲ့သောကျောက်စာများတွင် "သီတင်းကျွတ်" ဆိုသော ဝေါဟာရကို တွေ့ရပေပြီ။ ထိုကျောက်စာများသည် တချို့ "ဆင့်ထိုး၊ နောက်ထိုး"ကျောက်စာများရှိသည်ဆိုသော်လည်း"သန်တူလ"အစား"သီတင်းကျွတ်"ဝေါဟာရကိုလည်း သုံးစွဲနေလေပြီ။ (သံယရာဇာ ကျောက်စာသက္ကရာဇ်-၉၂၅)

အင်းဝခေတ်မှသည် ကုန်းဘောင်ခေတ်ထိ ကျောက်စာတို့တွင်လည်း သီတင်းကျွတ်ဝေါဟာရကို လှိုင်လှိုင်သုံးလာကြသည်။ သက္ကရာဇ် ၉၅၂ ခုနှစ်၊ မူလ မင်းရဲကျော်စွာထိုးခဲ့သော စစ်ကိုင်းပုညရှင်စေတီကျောက်စာတော်ကို ၁၁၃၇ ခုနှစ်တွင် ဘိုးတော်ဘုရားက ဆင့်ထိုးခဲ့ရာ "သက္ကရာဇ် ၁၁၄၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်" ဟု ရေးထိုးလေသည်။

ပုဂံစောရဟန်းကျောက်စာတွင် "သတင်းတိုင်"၊ "သတင်းချွတ်"ဟူ၍၎င်း၊ အခြားပုဂံခေတ်ထိုးကျောက်စာတို့တွင် "သတင်းနေ့၊ သတင်းသည်၊ သတင်းတည်းကုပ်"ဟူ၍၎င်း ခေတ်အလိုက် ရေးသားလာခဲ့ကြရာ "သီတင်း"ဟု ယနေ့ခေတ်ရေးထုံး"သ"တွင် လုံးကြီးတင် ဆန်ခတ်နှင့် မရေးဘဲ"သတင်း"ဟုသာ ရေးခဲ့ကြပေသည်။

မြန်မာ့ဝေါဟာရများသည် ပုဂံခေတ်နောက်ပိုင်းမှသည် ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားဘာသာစကားများနှင့် ပို၍ပို၍ ပေါင်းစည်းရေးသား ပြောဆိုလာကြသည်။ မွန်ဘာသာ၌ ရဟန်းသံဃာတော်တို့နှင့် မြင့်မြတ်သူတို့ အသုံးပြုသောကျောင်းတွင် နေထိုင်သည့်အရာကို"သ္တင်"ဟုသုံး၏။ မြန်မာတို့တွင်လည်း "သ"နှင့်"တ"ကို ဆင့်လျက်ရေးသော ပုဂံခေတ်ကျောက်စာများကို တွေ့ရ၏။ ရဟန်းသံဃာတော်တို့ နေထိုင်ရာကျောင်းတော်ကို "သတင်းသုံး"သည်ပြောကြ၏။ ဤအထိ"သ"တွင် လုံးကြီးတင်ဆန်ခတ် မပါသေးပေ။

❖ သီတင်းကျွတ်ဆိုသည်မှာ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလပတ်လုံး သီလကျင့်သုံး(ဝါဆို) ဆောက်တည်နေထိုင်ခြင်းမှ လွတ်မြောက်သောလဟု အဓိပ္ပာယ်ရသော ဝါကျွတ်လ၊ သီတင်းကျွတ်လဟုခေါ်ဝေါ်လာကြလေတော့သည်။ သီတင်းကျွတ်လ၏ပွဲတော်မှာ မီးထွန်းပွဲတော်ဖြစ်ပေသည်။ ဘုရားရှင်သည် ခုနစ်ဝါမြောက်တွင် တာဝတိံသာ၌ ဝါဆိုတော်မူပြီး ထိုမှသင်္ကဿမြို့သို့ သီတင်းကျွတ်လပြည့်နေ့တွင် ကြွဆင်းတော်မူကြောင်းကို ဗုဒ္ဓဝင်ဆိုင်ရာစာပေများ၌ ပါရှိလေသည်။ ပုဂံခေတ်ထိုးကျောက်စာအလှူများစာရင်းများတွင် ညောင်ရေသွန်းအလှူ၊ စာရေးတံမဲအလှူ၊ ကထိန်အလှူ၊ ပွဲသကူအလှူ စသည်ဖြင့်ရှိရာ မီးဖုန်းအလှူသည်လည်း ပါဝင်ပေသည်။ ❖

ရဟန်းတို့နေထိုင်ခြင်း၊ သီလကိုကျင့်သုံးဆောက်တည်ခြင်းတို့သည် မကွဲမပြား တစ်သားတည်းဖြစ်သဖြင့် "သီတင်း"ဟူသောပုဒ်သည် သီလကိုကျင့်သုံးဆောက်တည်၍ နေထိုင်ခြင်း၊ ဝိနည်းတော်အရ ဝါတွင်းသုံးလပတ်လုံး ကျင့်သုံးနေထိုင် သတင်းသုံးခြင်းမှ သီလဆောက်တည်ခြင်းသို့ ဦးတည်အဓိပ္ပာယ်ကူးပြောင်းသွားလေသည်။

ထို့ကြောင့် သီတင်းကျွတ်ဆိုသည်မှာ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလပတ်လုံး သီလကျင့်သုံး(ဝါဆို) ဆောက်တည်နေထိုင်ခြင်းမှ လွတ်မြောက်သောလဟု အဓိပ္ပာယ်ရသောဝါကျွတ်လ၊ သီတင်းကျွတ်လဟုခေါ်ဝေါ်လာကြလေတော့သည်။

သီတင်းကျွတ်လ၏ပွဲတော်မှာ မီးထွန်းပွဲတော်ဖြစ်ပေသည်။ ဘုရားရှင်သည် ခုနစ်ဝါမြောက်တွင် တာဝတိံသာ၌ ဝါဆိုတော်မူပြီး ထိုမှသင်္ကဿမြို့သို့ သီတင်းကျွတ်လပြည့်နေ့တွင် ကြွဆင်းတော်မူကြောင်းကို ဗုဒ္ဓဝင်ဆိုင်ရာစာပေများ၌ ပါရှိလေသည်။

ပုဂံခေတ်ထိုး ကျောက်စာအလှူများစာရင်းများတွင် ညောင်ရေသွန်းအလှူ၊ စာရေးတံမဲအလှူ၊ ကထိန်အလှူ၊ ပွဲသကူအလှူ စသည်ဖြင့်ရှိရာ မီးဖုန်းအလှူသည်လည်း ပါဝင်ပေသည်။

ပုဂံမှသည် အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်ထိ ဆီမီးမြင်းမိုရ် (ခေါ်) မီးထွန်းပွဲတော်ကို ဘုရင်ကိုယ်တော်တိုင် ကြွရောက်ကျင်းပကြသည့် မှတ်တမ်းမှတ်ရာများကို လောကဗျူဟာ အင်ရုံစာတမ်းတွင် တွေ့နိုင်ပေသည်။

ဘိုးတော်ဘုရားလက်ထက် ထင်ရှားခဲ့သော စာဆိုတော် ဦးယာက သီတင်းကျွတ်မီးထွန်းပွဲတော်ကို "လူးတား"ဖြင့်ဖော်ပြခဲ့ရာ ပွဲသဘင်ကို ကွက်ကွက်ကွင်းကွင်း ထင်မြင်မှုတွေ့ရမြင်ရသကဲ့သို့ ခံစားရပေ၏။

မင်းတုန်းမင်း၊ သီပေါမင်းလက်ထက် မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပပုံကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲတွင် တွေ့နိုင်ပေ၏။

ကိုလိုနီခေတ် အင်္ဂလိပ်စာရေးဆရာကြီး ရွှေရိုးအမည်ခံ Sir James Scott က မင်းတုန်းမင်းခေတ် မီးထွန်းပွဲတော်အကြောင်း ရေးသားချက်ကို သူ၏ (Burmar) စာအုပ်တွင် အကျယ်တဝင့်ရေးထားရာ ကုန်းဘောင်ခေတ် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို တင်ပြထားသောဒြပ်မဲ့ယဉ်ကျေးမှု = (Intangible Cultural Heritage) မှတ်တမ်းကြီးဖြစ်ပေသည်။

သီတင်းကျွတ်လ၏ အခြားထူးခြားချက် တစ်ရပ်မှာ "ပဝါရဏာ"ပွဲဖြစ်ပေသည်။ ပဝါရဏာပွဲကို သီတင်းကျွတ် လပြည့်နေ့တွင် ရဟန်းတော်များ မိမိတို့ကျောင်းတိုက်သိမ်အတွင်း ပြုလုပ်ကြရသည်။ သတ်မှတ်အချိန်အတွင်း စုရုံးရောက်ရှိကြပြီး သံဃာပရိသတ်စုံသောအခါ ဦးစွာဥပုသ်ပြုသည့် နည်းအတိုင်းပြုလုပ်ပြီး သမ္မုတိရသော ရဟန်းတော်နှစ်ပါးက အမေး၊ အဖြေပြုရသည်။ အဖြေရဟန်းတော်က ပဝါရဏာကံအတွက် ညတ်ထား (ပဝါရဏာပြုတော့မည်ဟု သံဃာကို ရှေးဦးစွာအသိပေးခြင်း)ရသည်။ သိက္ခာဝါကြီးသော မထေရ်က လက်ဝဲပခုံးပေါ် ဧကသီကိုစံပယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် "ငါ့ရှင်တို့ တပြည့်တော်သည် သံဃာကို ဖိတ်ကြားပါ၏။ တပြည့်တော်၏ အပြစ်ကိုမြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ သံသယရှိသော်လည်းကောင်း တပြည့်တော်ကို သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ၊ အပြစ်တော်ကိုရှာ၍ ကုစားပါမည်ဘုရား"ဟု သုံးကြိမ်တိုင်တိုင် သံဃာကို ဖိတ်ကြားတိုက်တွန်းရ၏။ ထို့နောက် ထေရ်စဉ်ဝါလိုက် ဤသို့ပင်မြွက်ဆိုပြီး ကျန်ရဟန်းတော်များက"သာဓု" သုံးကြိမ်ခေါ်ကြရသည်။ ပြီးသောအခါ အကြီးအမှူး ဆရာတော်က ဩဝါဒစကားမိန့်ကြားတော်မူလေသည်။

ပဝါရဏာပွဲဖြစ်ပေါ်လာပုံမှာ ဗုဒ္ဓဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သီတင်းသုံးဖော်ရဟန်းတစ်စုသည် ကောသလတိုင်းဇနပုဒ်တစ်ခု၌ ဝါဆိုကြ၏။ ထိုရဟန်းတို့သည် စကားနည်း ရန်စဲဆိုသလိုအချင်းချင်း မခေါ်မပြောဘဲ နေထိုင်ခြင်းသည် ငြင်းခုံမှုမပေါ်နိုင်ဟု ယူဆကာ နေကြ၏။ ဝါလကျွတ်၍ ဘုရားရှင်ကိုသွားရောက်ဖူးမြော်ကြ၏။ ဘုရားရှင်က အကျိုးအကြောင်း မေးမြန်းရာ အထက်ဖော်ပြပါ နေထိုင်ကြသည်ကို လျှောက်ထားကြလေသည်။

ထိုအခါ ဘုရားရှင်က"ရဟန်းတို့ အချင်းချင်းမခေါ်မပြောဘဲ နေခြင်းသည် တိရစ္ဆာန်တို့နေခြင်းမျိုးသာ ဖြစ်သည်။ ရန်သူအချင်းချင်းနေခြင်းနှင့် တူသည်။ ချမ်းသာစွာနေထိုင်ခြင်းမျိုးမဟုတ်၊ အဘယ်ကြောင့် တိတ္ထိတက္ကဒွန်းတို့ကဲ့သို့ ကျင့်သုံးနေထိုင်ကြသနည်း။ သူ၊ အ တို့ကဲ့သို့ ကျင့်သုံးနေထိုင်ကြရသနည်း။ ဒကာ၊ ဒကာမတို့ အကြည်ညိုပွားစေနိုင်သော အကျင့်မျိုးမဟုတ်၊ ယင်းအကျင့်မျိုးမကျင့်ရ၊ ကျင့်သည့်ရဟန်းဒုက္ကဋ်အာပတ်သင့်စေ"ဟု ပညတ်တော်မူ၏။

ထိုမျှသာမက သီတင်းကျွတ်သည့်အခါ ရဟန်းတော်များပြုကျင့်ရမည့် စည်းလုံးညီညွတ်စွာ နေထိုင်ခြင်း၊ ပန်ကြားပြောဆိုခြင်းများကို ညွှန်ပြ ပညတ်တော်မူ၏။ "ရဟန်းတို့ ဝါမှထသော ရဟန်းတို့အား မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ သံသယရှိ၍ဖြစ်စေ သုံးပါးသောအကြောင်းတို့ဖြင့် ပဝါရဏာပြုခြင်း(ဝါ) ဖိတ်ကြားခြင်းငှာခွင့်ပြု၏။ ထိုသို့ ဖိတ်ကြားခြင်းသည် သင်တို့အတွက် အချင်းချင်းလိုက်လျောညီညွတ်၍ အာပတ်စင်ကြယ်စေ၏။ ဝိနည်းကိုလေးစားရာရောက်သည်"ဟု မိန့်ကြားတော်မူ၏။ ထိုသို့ မိန့်ကြားပညတ်တော်မူသည်မှစ၍ ပဝါရဏာပွဲတော် ဖြစ်ပေါ်လာခဲ့လေသည်။

လောက၌ လူသားတို့သည် သူတစ်ပါးအပြစ်ကိုသာ ရှေးရှုကြကုန်၏။ ကိုယ့်အပြစ်ကိုရှု၍ ဝေဖန်ထောက်ပြတည့်မတ်ဖို့ရာကိုမူ ပြုနိုင်ခဲကြပါ၏။ ပဝါရဏာကမူ မိမိကိုယ်ကို ဝေဖန်သုံးသပ်၍ ဆင်ခြင်တုံသဘောတရားကို သံဃအဖွဲ့အစည်းတွင် အုတ်မြစ်ချပေးလိုက်ရာ ယနေ့တိုင် ဗုဒ္ဓသာသနာတော်ကြီးသည် နှစ်ပေါင်း ၂၅၆၇ တိုင် တည်တံ့ခိုင်မြဲနေ၏။ တည်တံ့ခိုင်မြဲမှုထဲတွင် ထိုအကြောင်းအရာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုရာ၏။

ဘာသာရေးသုတေသီပညာရှင်များက ပဝါရဏာပွဲဥပဒေသည် ဂေါတမဗုဒ္ဓ၏ ရှေးအကျဆုံး၊ ခေတ်အမီဆုံးနှင့် တိုးတက်မှုလမ်းစဉ်ဖြစ်ကြောင်းကို လက်ခံပြောဆိုကြကုန်၏။

ထို့ကြောင့် ဤဝေဖန်ရေးအစဉ်အလာကောင်းကို သံဃာတော်များသာမက လူများကလည်း Paradigm အနေဖြင့် နည်းယူအသုံးချပါက အထူးကောင်းလှပေ၏။ သင့်တော်လှပေ၏။

Dale Carnegie ၏ ကမ္ဘာကျော် မိတ္တဗလဋီကာကျမ်းသည် ရာစုနှစ်ပင် မပြည့်သေးပေ။ Napoleon Hill ၏ တက်ကျမ်းသည်လည်း ရာစုနှစ်ပင် မပြည့်သေးပေ။ ထိုစာအုပ်များတွင် တစ်ဦးနှင့်တစ်ဦး၊ အထက်နှင့်အောက် ကျင့်သုံးနေထိုင်ရေး နည်းလမ်းကောင်းများကို ရေးသားထားရာ ဤပဝါရဏာသဘောတရား ပါဝင်နေသည်ကိုလေ့လာတွေ့ရှိနိုင်ပေသည်။ ဗုဒ္ဓ၏ ပဝါရဏာလမ်းညွှန်မှုကား နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပေပြီ။

ဗုဒ္ဓဘုရားရှင်လက်ထက် ဝါလကျွတ်ပါက ဘုရားရှင်ထံသို့ အရပ်လေးမျက်နှာမှ ရဟန်းတော်အသီးသီး လာရောက်ကန်တော့ကြ၏။ ထိုမှတစ်ဆင့် ဝါစဉ်ဝါလိုက် ကန်တော့ခံကြသည့် သာဓကများရှိလေသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုမှ မြစ်ဖျားခံလာသောမြန်မာ့ယဉ်ကျေးမှုသည် ရဟန်းတော်များ ဝါစဉ်ဝါလိုက် ကန်တော့ခံကြသလို မင်းညီမင်းသားနှင့် မှူးမတ်သေနာပတိများက ဘုရင်မင်းမြတ်ကိုကန်တော့ကြကုန်၏။ မြန်မာမဟာမင်းခန်းတော်ဆိုင်ရာတွင် ကန်တော့ခံပလ္လင်(ပလ္လင်ရှစ်ခန်း)ကို သီးခြားလုပ်ဆောင်ထားသည်ထိ ရှိပေသည်။

ထိုကန်တော့ခြင်းသည် ဘုရင်နှင့် မင်းညီမင်းသား မှူးမတ်များသာမက တိုင်းသူပြည်သားများအနေဖြင့်လည်း သက်ကြီးဝါကြီးပူဇော်ပွဲများကို ထိုနည်းတူကျင့်သုံးလာကြပေသည်။ သက်ကြီးဝါကြီးတို့၏ ဆုံးမစကားဩဝါဒများကိုခံယူ၍ ပူဇာစပူဇနေယျာနမင်္ဂလာ၊ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတာမင်္ဂလာ၊ သောဝစဿတာမင်္ဂလာ စသည့် မင်္ဂလာတရားတော်များကို တစ်ပြိုင်နက်ဖြစ်စေသော၊ ရစေသော သီတင်းကျွတ်လယဉ်ကျေးမှု ဖြစ်ပါသတည်း။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ဝန်းသိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၄၂၀ စိုက်ပျိုးပြီးစီး

**ဝန်းသို အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၄၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝန်းသိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၄၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဝန်းသိုမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၁၃၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားခဲ့ပါတယ်။ ဒီနေ့ ဧက ၁၄၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ လျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့တာပါ။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ရှောက်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်"ဟု ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ဝန်းသိုမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များတိုးချဲ့စိုက်ပျိုးရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဝန်းသိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၁၄၅ ဧက စိုက်ပျိုးရန် လျာထားကြောင်း ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

# မိုင်းပန်မြို့နယ် နောင်ပါမွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းပန် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်ပါမွန်ကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နန်းနု၊ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက နောင်ပါမွန်ကျေးရွာ၌ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ငါးပေရှိ ရေစုကန်တည်ဆောက်ခြင်းနှင့် အရှည်ပေ ၄၀၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးလက်ရေရရှိရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နောင်ပါမွန်ကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၈၈ သန်းအသုံးပြု၍ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက နောင်ပါမွန်ကျေးရွာရှိ အိမ်ခြေ ၆၅ အိမ်၊ လူ ၂၁၆ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အေးသူ**

## ဝါကျွတ်ချိန်ခါ ထုံးစဉ်လာ

- အဘိဓမ္မာညွှန့်ဖူး တရားဦး
  ကျေးဇူးတို့ဆပ် အမိနတ်။
- တို့ဆပ်ပြီးခါ မြတ်ဗုဒ္ဓါ
  ဝတိံသာမှ သက်ဆဲ။
- ဝန်းကျင်ပတ်ချာ နတ်ဖြဟ္မာ
  ပန်ထွာခယ ဦးနှိမ်ချ။
- မြို့ရွာညာကြေ များဝေနေ
  ရှိသေတုပ်ကွ ဖူးမြော်ကြ။
- မိုးပျံမီးပုံး ရှစ်နယ်ဖုံး
  တိမ်ဆုံးမိုးထိ စူဠာမဏိ။
- တန်ဆောင်ဆီမီး အသီးသီး
  ညီးညီးပသ ပူဇော်ကြ။
- သက်ကြီးဘွားဘိုး စဉ်လာမရိုး
  မြတ်နိုးကော်ရော် ရှိပူဇော်။
- ဝါဆိုသံဃာ ထုံးစဉ်လာ
  သိက္ခာပြည့်ဝ တစ်ဝါရ။
- ဝါစဉ်ထေရ ရှိသေကြ
  သံဃစဉ်လာ ပဝါရဏာ။
- ဖူးစာနတ်ရှင် လေးမြားပြင်
  သွင်သွင်ချစ်မြား ပေးသနား။
- ကြာမျိုးငါးမည် ကန်ရေကြည်
  ဝေစည်ပွင့်ကြ ရှုတိုင်းလှ။
- မိုးအမွှန်ရှင် နှုတ်ဆက်သွင်
  ပလ္လင်ဆေးမိုး ရွာသွန်းဖြိုး။
- မြောက်ပြန်လေပွေ ညင်းပြေပြေ
  သုတ်လေဖြူးစ သရဒ။ ။

**ကျော်စောဟန်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ကာဇက်စတန်၌ သတ္တုတွင်းမီးလောင်မှုဖြစ်ပွား ၂၈ ဦးသေဆုံး၍ ၁၈ ဦး ပျောက်ဆုံး

**အက်စ်တာနာ အောက်တိုဘာ ၂၈**

ကာဇက်စတန်နိုင်ငံသတ္တုတွင်းတစ်တွင်း၌ ယနေ့တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၈ ဦး သေဆုံး၍ ၁၈ ဦးပျောက်ဆုံးနေကြောင်း သိရသည်။

မီသိန်းဓာတ်ငွေ့ ပေါက်ကွဲမှုကြောင့် ကော့စ်စတန်ကိုအမည်ရှိ အဆိုပါသတ္တုတွင်း၌မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီးနောက် သတ္တုတွင်းအတွင်းရှိ အလုပ်သမား ၂၅၂ ဦး အနက် ၂၀၆ ဦးကို ကယ်ထုတ်နိုင်ခဲ့ကြောင်း အာဆီလာမစ်တယ်တီမာတော်သတ္တုတွင်းတူးဖော်ရေးကုမ္ပဏီက ကြေညာထားသည်။

အာဆီလာမစ်တယ်တီမာတော်ကုမ္ပဏီသည် လူဇင်ဘတ်အခြေစိုက် သတ္တုတွင်း တူးဖော်ရေးကုမ္ပဏီဖြစ်ပြီး ကော့စတန်ကိုသတ္တုတွင်းကို စီမံခန့်ခွဲနေသည့်ကုမ္ပဏီဖြစ်သည်။

သတ္တုတွင်း မီးလောင်ကျွမ်းမှုကြောင့် အနည်းဆုံး လူ ၂၈ ဦး သေဆုံးခဲ့ရပြီး ၁၈ ဦးပျောက်ဆုံးနေဆဲဖြစ်ရာ ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲ ဖြစ်ကြောင်း ကာဇက်စတန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သတ္တုတွင်းမီးလောင်မှုကြောင့် သေဆုံးခဲ့ရသူ၊ ပျောက်ဆုံးနေသူများအတွက် ကာဇက်စတန်သမ္မတ ကတ်ဆမ်ဂျိုမာ့သ်တိုကာယက်ဗ်က ဝမ်းနည်းစကား ပြောကြားခဲ့ပြီး အောက်တိုဘာ ၂၉ ရက်ကို အမျိုးသား ဝမ်းနည်းဖွယ်နေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။

ထို့ပြင် အာဆီလာမစ်တယ်တီမာတော်ကုမ္ပဏီနှင့် ရင်းနှီးမြုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုများရပ်ထားရန်လည်း သမ္မတ တိုကာယက်ဗ်က ညွှန်ကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အီဂျစ်အဝေးပြေးလမ်း၌ ယာဉ်အစုလိုက်အပြုံလိုက်တိုက်မှုဖြစ်ပွား အနည်းဆုံး ၃၂ ဦး သေဆုံး

**ကိုင်ရို အောက်တိုဘာ ၂၈**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့နှင့်အလက်ဇန်းဒရီးယားမြို့တို့ကိုချိတ်ဆက်ပေးထားသည့် အဝေးပြေးလမ်းတစ်ခုပေါ်၌ ယနေ့တွင် မော်တော်ယာဉ်များအစုလိုက်အပြုံလိုက်ဝင်တိုက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၃၂ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုတွင် ခရီးသည်တင် ဘတ်စကားတစ်စီးနှင့် အခြားမော်တော်ယာဉ်များ ပါဝင်ခဲ့ပြီး အနည်းဆုံး လူပေါင်း ၆၃ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း အီဂျစ်တာဝန်ရှိသူများကပြောကြားခဲ့သည်။

အဆိုပါ ယာဉ်အများအပြားဝင်တိုက်မှုသည် ကိုင်ရိုမြို့နှင့် ၈၂ မိုင်ခန့်အကွာတွင် တည်ရှိသော ဘီဟိုင်းရားပြည်နယ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် မော်တော်ယာဉ်တစ်စီးမှ ယိုစိမ့်ထွက်လာသည့် လောင်စာဆီများကြောင့်လည်း မော်တော်ယာဉ်အချို့ မီးလောင်ခဲ့ရသည်ဟု အီဂျစ်အာဏာပိုင်များက ပြောကြားထားသည်။

အီဂျစ်ပြည်တွင်းမီဒီယာများ၏ အဆိုအရ အဆိုပါယာဉ်တိုက်မှုအတွင်း သေဆုံးသူအရေအတွက်မှာ အနည်းဆုံး ၃၅ ဦးထိရှိပြီး ၁၈ ဦးမှာ ယာဉ်မီးလောင်မှုများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံ၌ လမ်းများပြုပြင်ထိန်းသိမ်းမှုညံ့ဖျင်းခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



## သမ္မတရှီကျင့်ဖျင်နှင့် သမ္မတဂျိုးဘိုင်ဒင်တို့ ထိပ်သီးဆွေးနွေးပွဲကျင်းပရန် တရုတ်နိုင်ငံနှင့်သဘောတူထားကြောင်း အမေရိကန်အစိုးရပြောကြား



**ဝါရှင်တန် အောက်တိုဘာ ၂၈**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့ကြား ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တရုတ်နှင့်အမေရိကန်နိုင်ငံတို့က သဘောတူထားကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ဝါရှင်တန်မြို့သို့ ရောက်ရှိနေသည့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် အမေရိကန်ထိပ်တန်းတာဝန်ရှိသူများကြား တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် သမ္မတရှီကျင့်ဖျင်နှင့် သမ္မတ ဂျိုးဘိုင်ဒင်တို့ကြား ထိပ်သီးဆွေးနွေးပွဲကျင်းပရန် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့က သဘောတူခဲ့ကြခြင်းဖြစ်သည်။

ဝါရှင်တန်မြို့သို့ ရောက်ရှိနေစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့်လည်း တစ်နာရီကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဝမ်ယိ၏ခရီးစဉ်သည် ၂၀၁၈ ခုနှစ်နောက်ပိုင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ ပထမဆုံးသောဝါရှင်တန်ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက် နှစ်ရက်တာကာလအတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်၊ အမျိုးသားလုံခြုံရေးအကြံပေးဂျိတ်ခ်ဆူလီဗန်တို့နှင့် ကိုးနာရီကျော်ကြာ အချိန်ယူ ဆွေးနွေးခဲ့ကြောင်း သိရသည်။


တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ၏ ဝါရှင်တန်ခရီးစဉ်သည် ယခုနှစ်နိုဝင်ဘာလအတွင်း ဆန်ဖရန်စစ္စကိုမြို့၌ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်) ထိပ်သီးညီလာခံ၌ သီးခြားတွေ့ဆုံဆွေးနွေးရေးအတွက် လမ်းဖွင့်ပေးနိုင်သည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အာရပ်နိုင်ငံများ၏ ဂါဇာစစ်ပွဲဆိုင်ရာဆုံးဖြတ်ချက်မူကြမ်းကုလသမဂ္ဂအထွေထွေညီလာခံ ထောက်ခံမဲအများစုဖြင့် အတည်ပြု

**နယူးယောက် အောက်တိုဘာ ၂၈**




အာရပ်နိုင်ငံများက အဆိုပြုတင်သွင်းထားသော အစ္စရေး-ဟားမစ် စစ်ရေးပဋိပက္ခဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို အောက်တိုဘာ ၂၇ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ထောက်ခံမဲအများစုဖြင့် အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ အထွေထွေညီလာခံဆုံးဖြတ်ချက်မူကြမ်း၌ လူသားချင်းစာနာထောက်ထားမှုအရ အစ္စရေးနှင့်ဟားမစ်ကြား အပစ်အခတ်ချက်ချင်းရပ်ပေးရန် တောင်းဆိုထားသည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသသို့ အကူအညီများပေးခွင့်ရရေး၊ အရပ်သားများကို အကာအကွယ်ပေးရေးတို့အတွက်လည်း အဆိုပါဆုံးဖြတ်ချက်မူကြမ်း၌ တိုက်တွန်းထားသည်။

ယင်း ဆုံးဖြတ်ချက်မူကြမ်းကို အထွေထွေညီလာခံ၌ မဲခွဲရာတွင် နိုင်ငံပေါင်း ၁၂၀ တို့က ထောက်ခံမဲပေးခဲ့ကြပြီး ၄၅ နိုင်ငံတို့က ပါဝင်မဲပေးခြင်းမရှိခဲ့ကြောင်း သိရသည်။

သို့သော် အဆိုပါအထွေထွေညီလာခံ ဆုံးဖြတ်ချက်မူကြမ်းကို အစ္စရေးနှင့် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံတို့က ကန့်ကွက်မဲပေးခဲ့ကြကြောင်း သိရသည်။

ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် မူကြမ်းတစ်ရပ်ကို အတည်ပြုနိုင်ရန် အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံတို့၏ ထောက်ခံမဲ သုံးပုံနှစ်ပုံရရှိရန် လိုအပ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်များသည် ဥပဒေကြောင်းအရ တရားဝင်လိုက်နာရန် မလိုသော်လည်း နိုင်ငံရေးအရ ဖိအားကြီးမားသော ဆုံးဖြတ်ချက်မူကြမ်းများဖြစ်ကြသည်။

အထွေထွေညီလာခံ ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဂီလက်အာဒန်ကငြင်းပယ်ခဲ့ပြီး ယင်းဆုံးဖြတ်ချက်မူကြမ်းကို ထောက်ခံမဲပေးခြင်းသည် နာဇီအကြမ်းဖက်သမားများကို အကာအကွယ်ပေးခြင်းဖြစ်သည်ဟု ဝေဖန်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အစ္စရေးထိုးစစ်ကို ရင်ဆိုင်ရန်အသင့်ရှိကြောင်း ဟားမစ်အုပ်စုကြေညာချက်ထုတ်ပြန်

**ဂါဇာစီးတီး အောက်တိုဘာ ၂၈**

အစ္စရေးနိုင်ငံ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကိုအင်အားပြည့်ဖြင့် ရင်ဆိုင်ရန်အသင့်ရှိကြောင်း ဂါဇာကမ်းမြောင်အခြေစိုက် ဟားမစ်အုပ်စုက ယနေ့တွင် ကြေညာထားသည်။

အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်ဒေသကိုဝေဟင်မြေပြင်စစ်ဆင်ရေးများ ပိုမိုပြုလုပ်လာခဲ့ပြီးနောက် ဟားမစ်အုပ်စုက အဆိုပါအတိုင်းကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ဒေသ၌ ဝေဟင်မြေပြင်စစ်ဆင်ရေးများပိုမိုပြုလုပ်လာပြီးနောက်အစ္စရေးနှင့် ဂါဇာနယ်စပ်အနီးဒေသများ၌ ဟားမစ်လက်နက်ကိုင်များနှင့် အစ္စရေးတပ်များကြား တိုက်ပွဲများ ဖြစ်ပွားနေကြောင်း ဟားမစ်အုပ်စုကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် အစ္စရေးဝန်ကြီးချုပ်နှင့် အစ္စရေးစစ်ဘက်တို့အနေဖြင့် မည်သည့်စစ်အောင်ပွဲကိုမျှရယူနိုင်လိမ့်မည်မဟုတ်ကြောင်း ဟားမစ်အုပ်စုက ကြေညာထားသည်။

အစ္စရေးမြေပြင်တပ်များအနေဖြင့် ဂါဇာကမ်းမြောင်၌ မြေပြင်စစ်ဆင်ရေးများ ထပ်မံပြုလုပ်နေကြောင်း အစ္စရေးစစ်ဘက်က အောက်တိုဘာ ၂၇ ရက်တွင် ကြေညာခဲ့ပြီးနောက် ဟားမစ်အုပ်စု တုံ့ပြန်ကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဟားမစ်အုပ်စုသည် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကိုတိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးနှင့်ဟားမစ်စစ်ရေးပဋိပက္ခစတင်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ဆူဘာမီနည်းပညာကုမ္ပဏီက တစ်ခဏအတွင်း မော်တော်ယာဉ်တစ်စီးအဖြစ် အသွင်ပြောင်းနိုင်သည့် အသွင်ပြောင်းစက်ရုပ်တစ်မျိုးကို တည်ဆောက်ထား




**တိုကျို အောက်တိုဘာ ၂၈**

ဂျပန်နိုင်ငံအခြေစိုက် ဆူဘာမီနည်းပညာကုမ္ပဏီသည် တစ်ခဏအတွင်း မော်တော်ယာဉ်တစ်စီးအဖြစ် အသွင်ပြောင်းနိုင်သည့် အသွင်ပြောင်း စက်ရုပ်တစ်မျိုးကို တည်ဆောက်ထားကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

Archax ဟု၍အမည်ပေးထားသည့် အဆိုပါအသွင်ပြောင်းစက်ရုပ်သည် အလေးချိန် ၃ ဒသမ ၅ တန်ထိရှိကြောင်း သိရသည်။

Archax အသွင်ပြောင်းစက်ရုပ်သည် မတ်တတ်ရပ်နေသော စက်ရုပ်အနေအထားအဖြစ်မှ ခလုတ်တစ်ချက်နှိပ်ရုံဖြင့် မော်တော်ယာဉ်အဖြစ်သို့ တစ်ခဏအတွင်းပြောင်းလဲသွားနိုင်ကြောင်း ဆူဘာမီကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

ဆူဘာမီကုမ္ပဏီသည်Archax စက်ရုပ်ငါးခုထိ တည်ဆောက်ထားပြီး တစ်ခုလျှင် အမေရိကန်ဒေါ်လာ သုံးသန်းဖြင့် ရောင်းချရန်စီစဉ်ထားကြောင်း သိရသည်။

Archax အသွင်ပြောင်းစက်ရုပ်တွင် ထိန်းကျောင်းသူနှစ်ဦးလိုက်ပါနိုင်ပြီး မော်တော်ယာဉ်အဖြစ် အသွင်ပြောင်းလဲမှုကို ဘေးကင်းစွာ လုပ်ဆောင်နိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## မက်ဖော်မင်ဆေးသုံးစွဲမှု အချိန်မတန်ဘဲရပ်ပါက Dementia ဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**နယူးယောက် အောက်တိုဘာ ၂၈**

ဆီးချိုရောဂါ လူနာများအနေဖြင့် မက်ဖော်မင် (Metformin) ဆေးသုံးစွဲမှုကို အချိန်မတန်ဘဲ ရပ်ခဲ့ပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုပြသနာ (Dementia) ဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဘော်စတွန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မက်ဖော်မင်ဆေးသုံးစွဲမှုကို အချိန်မတန်ဘဲ ရပ်နားခဲ့သော လူနာများသည် ဆေးဆက်သုံးသူများနှင့် နှိုင်းယှဉ်ပါက Dementia ဖြစ်နိုင်ခြေ ၂၁ ရာခိုင်နှုန်း မြင့်မားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မက်ဖော်မင်ဆေးကို လိုအပ်သည့်အချိန်ထိ ဆက်သုံးသူများတွင်မှု Dementia ဖြစ်နိုင်ခြေကို ထိန်းထားနိုင်စွမ်းရှိကြောင်း သိရသည်။

မက်ဖော်မင်ဆေးသည် ဆီးချိုရောဂါကို ကုသရာတွင် ပထမဆုံးအသုံးပြုသည့်ဆေးဖြစ်ပြီး လူနာများအတွက် အကျိုးကျေးဇူးကြီးသော ဆေးတစ်မျိုးဖြစ်သည်။

သို့ရာတွင် ကျောက်ကပ်ပြဿနာကဲ့သို့ ဘေးထွက်ဆိုးကျိုးများကြောင့် ဆီးချိုလူနာများအနေဖြင့် မက်ဖော်မင်ဆေးသုံးစွဲမှုကို ရပ်နားလိုက်တတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် မက်ဖော်မင်ဆေးသုံးစွဲမှုရပ်ထားသူများနှင့် ဆက်သုံးစွဲသူများပါဝင်သော ပုံစံ-၂ ဆီးချိုလူနာ ၃၀၀၀၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ယူရေးနပ်စ်ဂြိုဟ်၏ အနီအောက်ရောင်ခြည် ဝင်ရိုးစွန်းအလင်းရောင်ကို ဗြိတိန်သိပ္ပံပညာရှင်များ ပထမဆုံးအကြိမ် လေ့လာနိုင်ခဲ့


**လန်ဒန် အောက်တိုဘာ ၂၈**

ယူရေးနပ်စ်ဂြိုဟ်၏ အနီအောက်ရောင်ခြည် ဝင်ရိုးစွန်းအလင်းရောင်ကို ဗြိတိန်နိုင်ငံ လက်ဆက်စတာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် လေ့လာနိုင်ခဲ့ကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် ဟာဝိုင်ရီကျွန်းအခြေစိုက် ကတ်ခ်-၂ ရေဒီယိုတယ်လီစကုပ်ဖြင့် ယူရေးနပ်စ်ဂြိုဟ်၏ အနီအောက်ရောင်ခြည် ဝင်ရိုးစွန်းအလင်းရောင်များကို လေ့လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာမြေပေါ်ရှိ ဝင်ရိုးစွန်းအလင်းရောင်များကဲ့သို့ပင် ယူရေးနပ်စ်ဂြိုဟ် ဝင်ရိုးစွန်းအလင်းရောင်များသည် နေစွမ်းအင်အမှုန်စီးကြောင်းများနှင့် ဂြိုဟ်၏လျှပ်စစ်သံလိုက်စက်ကွင်းနယ်မြေတို့ တုံ့ပြန်ဓာတ်ပြုချိန်တွင် ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် ယူရေးနပ်စ်ဂြိုဟ်လေထုလွှာ၌ ဟိုက်ဒရိုဂျင်နှင့်ဟီလီယမ်ဓာတ်ငွေ့များ များပြားမှုကြောင့် ယူရေးနပ်စ်ဂြိုဟ်၏ ဝင်ရိုးစွန်းအလင်းရောင်ကို ခရမ်းလွန်ရောင်ခြည်နှင့် အနီအောက်ရောင်ခြည် လှိုင်းအလျားများဖြင့်သာ တွေ့မြင်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ယူရေးနပ်စ်ဂြိုဟ်၏ ခရမ်းလွန်ရောင်ခြည် ဝင်ရိုးစွန်းအလင်းရောင်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဗွိုင်ယေဂျာ-၂ အာကာသယာဉ်က ၁၉၈၆ ခုနှစ်တွင် ပထမဆုံးအကြိမ် လေ့လာနိုင်ခဲ့သည်။

သို့ရာတွင် ယူရေးနပ်စ်ဂြိုဟ်၏ အနီအောက်ရောင်ခြည် ဝင်ရိုးစွန်းအလင်းရောင်များကိုမူ ဗြိတိန်သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ကိုဗစ်ကာကွယ်ဆေးနှင့်တုပ်ကွေးကာကွယ်ဆေး တစ်ရက်တည်းထိုးပါက သက်ကြီးပိုင်းများ လေဖြတ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၂၈**

ကိုဗစ်ရောဂါကာကွယ်ဆေးနှင့် ဆေးအချိန်အဆမြင့်မားသော တုပ်ကွေးကာကွယ်ဆေးတို့ကို တစ်ရက်တည်းထိုးနှံပါက သက်ကြီးပိုင်းများ၌ လေဖြတ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

ကိုဗစ်ရောဂါကာကွယ်ဆေးနှင့် တုပ်ကွေးကာကွယ်ဆေး တစ်ရက်တည်းထိုးနှံမှုနှင့် လေဖြတ်နိုင်ခြေမြင့်တက်လာမှုတို့ကြား ဆက်စပ်မှုကို အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပိုင်းများတွင် အထင်ရှားဆုံးတွေ့ရကြောင်း အမေရိကန် အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ(FDA)၏ လေ့လာဆန်းစစ်မှုများအရ သိရသည်။

ကာကွယ်ဆေးနှစ်မျိုးတစ်ရက်တည်းထိုးနှံမှုကြောင့် လေဖြတ်နိုင်ခြေမြင့်တက်မှုသည် ကိုဗစ်ရောဂါကာကွယ်ဆေးနှင့် မသက်ဆိုင်ဘဲ တုပ်ကွေး ကာကွယ်ဆေးနှင့်သာ သက်ဆိုင်ဖွယ်ရှိကြောင်း FDA ကျွမ်းကျင်သူများက ယူဆထားသည်။

သို့ရာတွင် ကာကွယ်ဆေးနှစ်မျိုး တစ်ရက်တည်းထိုးနှံမှုကြောင့် လေဖြတ်မှုဖြစ်စဉ်များမှာ လွန်စွာရှားပါးပြီး အဖြစ်နည်းကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကာကွယ်ဆေးနှစ်မျိုးလုံး တစ်ရက်တည်းထိုးနှံမှုနှင့်သက်ကြီးပိုင်းများ လေဖြတ်နိုင်ခြေမြင့်မားမှုတို့ကြား မည်သို့ဆက်စပ်နေသည်ကို မသိရသေးကြောင်း၊ FDA ကျွမ်းကျင်သူများသည် အသက် ၆၅ နှစ်နှင့်အထက် လူပေါင်း ၅ ဒသမ ၄ သန်းတို့၏ဆေးမှတ်တမ်းများကိုလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



## ULA ကုမ္ပဏီက ဗော်လ်ကန်စင်တော် ဒုံးပျံသစ်ကို ယခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် လွှတ်တင်ရန် စီစဉ်ထား

**ဝါရှင်တန် အောက်တိုဘာ ၂၈**

အမေရိကန်နိုင်ငံ အခြေစိုက် United Launch Alliance (ULA) ကုမ္ပဏီသည် ဗော်လ်ကန်စင်တော်အမည်ရှိ ဒုံးပျံသစ်ကို ယခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

ဗော်လ်ကန်စင်တော်ဒုံးပျံသည် ULA ကုမ္ပဏီက လက်ရှိအသုံးပြုနေသော အတ်ဘလပ်စ်-၅ ဒုံးပျံနှင့် ဒယ်လ်တာ-၄ ဒုံးပျံနေရာတွင် အစားထိုးအသုံးပြုမည့် ဒုံးပျံသစ်ဖြစ်ကြောင်း သိရသည်။

ULA ကုမ္ပဏီအနေဖြင့် ဗော်လ်ကန်စင်တော်ဒုံးပျံကို ဒီဇင်ဘာ ၂၄ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ် အာကာသစခန်းမှ လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Cert-1 ဟု၍အမည်ပေးထားသည့် အဆိုပါ မစ်ရှင်အတွင်း ဗော်လ်ကန်ဒုံးပျံသည် Peregrine အမည်ရှိ လဆင်းယာဉ်ငယ်တစ်စင်းကို သယ်ယူသွားမည်ဖြစ်သည်။

ဗော်လ်ကန်စင်တော်ဒုံးပျံသည် အလေးချိန် ၂၇,၂၀၀ ကီလိုဂရမ်ရှိသော ဂြိုဟ်တုနှင့်အာကာသယာဉ်များကို ကမ္ဘာ့ပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်သည်။

ULA သည် ဗော်လ်ကန်စင်တော်ဒုံးပျံကို ယခုနှစ် မေလအတွင်း လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း စမ်းသပ်မှုတစ်ရပ်ပြုလုပ်စဉ် ဒုံးပျံ ဒုတိယအဆင့်ကိုယ်ထည်ပေါက်ကွဲမှုကြောင့် အစီအစဉ်ဆိုင်းငံ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# ဂျူဗင်တပ်အသင်းတွင် ပြန်လည်ကစားလိုကြောင်း ဒေါက်ကလပ်ကော်စတာ ထုတ်ဖော်ပြောကြား

**ရောမ အောက်တိုဘာ ၂၈**

မေဂျာလိဂ်ကလပ် အယ်အေဂလက်ဆီအသင်းနှင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းခဲ့သည့် ဒေါက်ကလပ်ကော်စတာက အသင်းဟောင်း ဂျူဗင်တပ်အသင်းတွင် ပြန်လည်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဒေါက်ကလပ်ကော်စတာသည် အယ်အေဂလက်ဆီ အသင်းတွင် နှစ်ရာသီကစားခဲ့ပြီးနောက် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် တစ်နှစ်ကျန်ရှိနေသေးသော်လည်း ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်း၍ ဂျူဗင်တပ်အသင်းနည်းပြ အယ်လီဂရီ၏ လက်အောက်တွင် ကစားလိုကြောင်းတရားဝင်ထုတ်ပြန်ခဲ့သည်။

အသက် ၃၃ နှစ်ရှိ ဒေါက်ကလပ်ကော်စတာက"လက်ရှိမှာကျွန်တော့်အနေဂျင့်က ဂျူဗင်တပ်အပါအဝင် စိတ်ဝင်စားနေတဲ့ ကလပ်အသင်းတွေနဲ့ဆွေးနွေးနေပါတယ်။ ဆော်ဒီကလပ်အသင်းတွေကိုလဲပြောင်းရွှေ့ကစားနိုင်သလို ဒီအသင်းတွေဟာ လက်ရှိမှာ တိုးတက်မှုတွေရှိလာတာကိုတွေ့ရပါတယ်။ ကျွန်တော်ကတော့ ဂျူဗင်တပ်အသင်းမှာ ကစားချင်တဲ့ အိပ်မက်ရှိပါတယ်။ နည်းပြအယ်လီဂရီရဲ့ တပ်သားတစ်ယောက်အနေနဲ့ပါဝင်ပြီး ဂျူဗင်တပ်ကိုအောင်မြင်မှုတွေ ရယူပေးချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

တောင်ပံကစားသမားကော်စတာသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ ဂျူဗင်တပ်အသင်း၌ကစားခဲ့ရာတွင် အသင်းအတွက် သွင်းဂိုး ၁၀ ဂိုးသွင်းယူကာ အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်နိုင်ခဲ့ပြီး အသင်းနှင့်အတူ စီးရီးအေချန်ပီယံဆုဖလားသုံးကြိမ် ရရှိခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်း၊ ဘရာဇီးကလပ် ဂရီမီအိုအသင်းတို့တွင် နှစ်ရာသီအငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အယ်အေဂလက်ဆီအသင်းသို့ အပြီးသတ် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : ML



# အမျိုးသမီးဖယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုများကို ဆာရန်နို ကာကွယ်နိုင်ခဲ့




**အော်လန်ဒို အောက်တိုဘာ ၂၈**

WBA၊ WBC၊ IBF၊WBO၊ IBO အမျိုးသမီးဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ပွာတိုရီကိုလက်ဝှေ့မယ်ဆာရန်နိုနှင့်စိန်ခေါ်သူ ဘရာဇီးလက်ဝှေ့မယ် ဒါနီလာရာမို့စ်တို့ ယနေ့တွင် အမေရိကန်နိုင်ငံအော်လန်ဒိုမြို့၌ ထိုးသတ်ခဲ့ရာ ဆာရန်နိုက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုများကိုကာကွယ်နိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

အမျိုးသမီးလက်ဝှေ့ပွဲစဉ်များသည် နှစ်မိနစ် ၁၀ ချီစနစ်ဖြင့်သာ ကျင်းပလာခဲ့ပြီး ဆာရန်နိုတို့ပွဲစဉ်တွင် သုံးမိနစ် ၁၂ ချီစနစ်ဖြင့် စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး အမျိုးသမီး လက်ဝှေ့လောကသမိုင်းတွင် သုံးမိနစ် ၁၂ ချီစနစ်ဖြင့် ပထမဦးဆုံး ထိုးသတ်ခဲ့သောပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဆာရန်နိုသည် မတူညီသော ဝိတ်တန်းခုနစ်ခုတွင် ကမ္ဘာ့ချန်ပီယံခါးပတ်များကို ဆွတ်ခူးခဲ့ဖူးသည့် လက်ဝှေ့မယ်တစ်ဦးဖြစ်သလိုစနစ်သစ်ဖြင့်ကျင်းပသော အမျိုးသမီးလက်ဝှေ့ပွဲစဉ်တွင်လည်း လက်ရှိချန်ပီယံခါးပတ်များကို ကာကွယ်နိုင်ခဲ့သည်။

ဆာရန်နိုသည် ဒါနီလာရာမို့စ်အား ၁၂ ချီစလုံး၌ ဖိအားပေးထိုးသတ်သွားနိုင်ခဲ့ပြီး အမှတ်ပေးဒိုင်သုံးဦးရှိသည့်အနက် သုံးဦးစလုံးက ဆာရန်နိုကို ၁၂၀-၁၀၈ မှတ်ဖြင့် အနိုင်ပေးခဲ့ကြသည်။

ဆာရန်နိုက "သုံးမိနစ် ၁၂ ချီထိုးသတ်ခဲ့ရပေမဲ့လဲ နှစ်မိနစ် ၁၀ ချီထိုးသတ်နေသလိုပါပဲ။ ကျွန်မအတွက် ထူးထွေပြောင်းလဲသွားတာမရှိပါဘူး။ ထိုးသတ်နေရင်းခြောက်ချီမြောက်မှာ အခုကစနစ်သစ်နဲ့ ထိုးသတ်နေတာလားဆိုပြီး တောင်တောင် တွေးမိသေးတယ်။ ပိုပြီးပင်ပန်းသွားတာမျိုးမရှိပါဘူး။ ဒီလိုစနစ်သစ်နဲ့ ထိုးသတ်ရတာကို ပိုပြီးတော့သဘောကျတယ်။ စနစ်သစ်နဲ့ထိုးသတ်ရမယ်လို့ သိရပြီးကတည်းက လေ့ကျင့်မှုတွေကိုပိုပြီးတော့လုပ်ဖြစ်ခဲ့တယ်။ အရင်ထက်ပိုပြီးတော့ ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့တယ်။အမျိုးသမီးတွေလဲ အမျိုးသားတွေနဲ့ တန်းတူလုပ်နိုင်တယ်ဆိုတာကို ပြသခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီနေ့ဟာ အမျိုးသမီးလက်ဝှေ့လောကအတွက် သမိုင်းဝင် နေ့တစ်နေ့ဖြစ်သလို ကျွန်မအတွက်လဲ သမိုင်းဝင်နေ့တစ်နေ့ဖြစ်ပါတယ်။ ကျွန်မပိုင်ဆိုင်ထားတဲ့ ကမ္ဘာ့ချန်ပီယံခါးပတ်တွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့လို့လဲ ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ယူရို ၂၀၂၄ ပြိုင်ပွဲအတွက် လက်မှတ်ဝယ်ယူရန်လျှောက်ထားသူ သန်း ၂၀ ကျော်ထိရှိကြောင်း ယူအီးအက်ဖ်အေထုတ်ပြန်

**ဘာလင် အောက်တိုဘာ ၂၈**

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပပြုလုပ်မည့် ယူရို ၂၀၂၄ ပြိုင်ပွဲအတွက် နိုင်ငံပေါင်း ၂၀၆ နိုင်ငံမှ လက်မှတ်ဝယ်ယူရန်လျှောက်ထားသူအရေအတွက်မှာ သန်း ၂၀ ကျော်ထိရှိလာကြောင်း ယူအီးအက်ဖ်အေက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ပထမအကြိမ် အောက်တိုဘာ ၃ ရက်မှ ၂၆ ရက်ထိ လက်မှတ်ရောင်းချမှုတွင် အိမ်ရှင်ဂျာမနီနိုင်ငံမှ ၆၅ ရာခိုင်နှုန်းထိရှိခဲ့ပြီး ၎င်းနောက်တွင် အင်္ဂလန်၊ ပြင်သစ်၊ စပိန်နှင့် ဩစတြီးယားမှ ဘောလုံးပရိသတ်များက လက်မှတ်လျှောက်ထားမှုအများဆုံးဖြစ်ပြီး လက်မှတ်ရောင်းချမှု ပထမဆုံး ၂၄ နာရီအတွင်း လက်မှတ်ပေါင်း ၇ ဒသမ ၈ သန်းထိရောင်းချခဲ့ရကြောင်း ယူအီးအက်ဖ်အေက ပြောကြားခဲ့သည်။

ဥရောပနိုင်ငံများ၏နောက်တွင် အမေရိကန်၊ကနေဒါ၊ ဩစတြေးလျ၊ တရုတ်နှင့် မက္ကဆီကိုနိုင်ငံတို့မှ ဘောလုံးပရိသတ်များက လက်မှတ်ဝယ်ယူရန် လျှောက်ထားမှုတစ်သန်းခွဲကျော်ထိရှိကြောင်း ယူအီးအက်ဖ်အေကဆက်လက်ထုတ်ပြန်ခဲ့သည်။

ယူအီးအက်ဖ်အေမှတာဝန်ရှိသူ မာတင်ကယ်လန်က "ယူရိုပြိုင်ပွဲအတွက် လက်မှတ်ဝယ်ယူမှုဟာ နေ့စဉ်များပြားလာတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်မှတ်နှုန်းထားတွေကို သင့်တော်တဲ့ဈေးနှုန်းတွေနဲ့သာ ရောင်းချထားပါတယ်။ ယူရိုပြိုင်ပွဲလာအားပေးတဲ့ ပရိသတ်တွေကိုလဲမေ့လို့မရတဲ့အခိုက်အတန့်တွေဖြစ်အောင်လဲ ကြိုးစားထားပါတယ်"ဟု ပြောကြားခဲ့သည်။

ဘာလင်မြို့တွင် ကျင်းပမည့် ယူရိုဗိုလ်လုပွဲစဉ်အတွက် လက်မှတ်လျှောက်ထားမှုမှာ ၂ ဒသမ ၃ သန်းထိရှိခဲ့ပြီး အဖွင့်ပွဲစဉ်အတွက် လက်မှတ်ဝယ်ယူမှုမှာ ၁ ဒသမ ၄ သန်းကျော်ထိလက်ခံရရှိထားသည်ဟု ယူအီးအက်ဖ်အေက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : ML

## အားကစားသတင်း အတိုအထွာများ

- မိန့်ဇ်တောင်ပံကစားသမား အယ်ဂါဇီက ပါလက်စတိုင်းအရေးနှင့်ပတ်သက်သည့် ပို့စ်တင်ရေးသားမှုကြောင့် အသင်းက ပြန်လည်တောင်းပန်ရန် ပြောကြားခဲ့သဖြင့် စာချုပ်ဖျက်သိမ်းရန်စီစဉ်လျက်ရှိကြောင်း သိရသည်။
- ရှက်ဖီးလ်(U)အသင်းက နည်းပြဟက်ကင်ဘော့တန်ကို အာဆင်နယ်ပွဲစဉ်တွင် ရလဒ်ဆိုးရွားခဲ့ပါကအသင်းမှထုတ်ပယ်ရန်စီစဉ်ထားပြီး ၎င်း၏နေရာတွင် ယခင်နည်းပြဟောင်းခရစ်ဝိုင်ဒါနှင့် အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။
- စပါးအသင်းကပဲလေ့စ်အသင်းကို အနိုင်ရခဲ့သဖြင့် ဒုတိယနေရာမှ မန်စီးတီးအသင်းကိုရမှတ် ငါးမှတ်ထိဖြတ်တောက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ML

### ပရီးမီးယားလိဂ် ပွဲစဉ် (၁၀) ရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၀ | - | ၂ | ဘရန့်ဖို့ဒ် |
| ဘုန်းမောက် | ၂ | - | ၁ | ဘန်လေ |
| အာဆင်နယ် | ၅ | - | ၀ | ရှက်ဖီးလ်(U) |

(ဝ၄ဝ)

# လီဗာပူးအသင်းက ခံစစ်ကစားသမားအီနာစီယိုကို ယူရို ၄၉ သန်းဖြင့်ခေါ်ယူနိုင်ရန် ကြိုးပမ်း

**လန်ဒန် အောက်တိုဘာ ၂၈**

လီဗာပူးအသင်းသည် ခံစစ်ပိုင်းတွင် ဗန်ဒိုက်နှင့်တွဲဖက်ကစားနိုင်ရန်အတွက် စပို့တင်းလစ္စဘွန်းအသင်းခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ခံစစ်ကစားသမားအီနာစီယိုကို ယူရို ၄၉ သန်းဖြင့် ခေါ်ယူရန်ကြိုးပမ်းခဲ့သည်။

လီဗာပူးအသင်းသည် ခံစစ်ကစားသမားအီနာစီယိုကို ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကတည်းက မန်ယူအသင်းနှင့်အပြိုင်ကမ်းလှမ်းခဲ့ရာ အောင်မြင်မှုမရခဲ့သဖြင့် လာမည့်အပြောင်းအရွှေ့တွင်ထပ်မံခေါ်ယူ၍ ခံစစ်ပိုင်းတွင် ဗန်ဒိုက်နှင့်တွဲဖက်ကာ ကာလရှည်အသုံးပြုနိုင်ရန် ပစ်မှတ်ထားနေသောကြောင့် ပြောင်းရွှေ့ကြေးယူရို ၄၉ သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

၎င်းသည် ဗဟိုခံစစ်ပိုင်းတွင် ဘယ်သန် ကစားသမားတစ်ဦးဖြစ်သဖြင့် နည်းပြကလော့ပ်၏ကစားကွက်နှင့် ကိုက်ညီမှုရှိသောကြောင့် ဗန်ဒိုက်နှင့် တွဲဖက်အသုံးပြုပါက လီဗာပူးအသင်း ခံစစ်ကြောင်းကို အကောင်းဆုံးတည်ဆောက်နိုင်မည့် အလားအလာရှိသည်ဟု နည်းပြကလော့ပ်က ယုံကြည်နေကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိခံစစ်ကစားသမားအီနာစီယိုသည် ၂၀၂၀ ပြည့်နှစ်က စပို့တင်းလစ္စဘွန်းအသင်းနှင့်ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုခဲ့ပြီး ပြိုင်ပွဲစုံ ၁၃၄ ပွဲတွင် သွင်းဂိုး ၁၁ ဂိုးထိ သွင်းယူကာ




အသင်းအား ဆုဖလားသုံးကြိမ်ထိ ရယူပေးခဲ့ပြီး ပေါ်တူဂီအမှတ်ပေးပြိုင်ပွဲတွင် အကောင်းဆုံးခံစစ်ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ထိပ်သီးကလပ် အသင်းများက အပြိုင်ကမ်းလှမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : ML

# စပါးအသင်း ရာသီအစ ၁၀ ပွဲကစားပြီး ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းတစ်ရပ်ကို ၁၉၆၁ ခုနှစ်နောက်ပိုင်း ပြန်လည်ရရှိ




**လန်ဒန် အောက်တိုဘာ ၂၈**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ကစားခဲ့သည့် ပဲလေ့စ်အသင်းနှင့် စပါးအသင်းတို့ လန်ဒန်ဒါဘီပွဲစဉ်တွင် စပါးအသင်းက အနိုင်ရရှိခဲ့ပြီးနောက် ပြီးခဲ့သည့် ၁၉၆၁ ခုနှစ်က တင်ထားခဲ့သည့် ရာသီအစ ၁၀ ပွဲ ကစားပြီးရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် စပါးအသင်းက ပဲလေ့စ်အသင်းကို ပွဲချိန်အစောပိုင်းက ခက်ခက်ခဲခဲကစားခဲ့ရသော်လည်း ပွဲချိန် ၅၃မိနစ်တွင် ဂျိုးဝက်ဒ်၏ ကိုယ့်ဂိုးကိုယ်သွင်းခဲ့သည့်သွင်းဂိုးနှင့် ပွဲချိန် ၆၆ မိနစ်တွင် သွင်းယူနိုင်ခဲ့သည့် ဆွန်ဟောင်မင်တို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြပိုစတီကိုဂလူ၏လက်အောက်၌ ရလဒ်များ ဆက်တိုက်ကောင်းမွန်လျက်ရှိနေပြီး ၁၀ပွဲကစားပြီးချိန်တွင် ရှစ်ပွဲထိ အနိုင်ရရှိခဲ့ကာ နှစ်ပွဲသရေရလဒ်ဖြင့် ရှုံးပွဲမရှိသေးဘဲ ရမှတ် ၂၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်လျက်ရှိနေသည်။

စပါးအသင်းသည် ပြီးခဲ့သည့် ၁၉၆၁ ခုနှစ်က ရာသီအစ ၁၀ ပွဲတွင် ရှုံးပွဲမရှိအောင်စွမ်းဆောင်နိုင်ခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကိုရရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ၁၀ ပွဲကစားပြီးချိန်၌ ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် နှစ်ပေါင်း ၆၂ နှစ်အတွင်း ၁၀ ပွဲတွင်ရှုံးပွဲမရှိအောင်ပြန်လည်စွမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# Vienna Open ဆီမီးဖိုင်နယ်အဆင့်တွင် ဂျန်နစ်ဆင်နာက ရူဘလက်ဗ်နှင့်ယှဉ်ပြိုင်ကစားမည်

**ဗီယင်နာ အောက်တိုဘာ ၂၈**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင်ကျင်းပနေသည့် Vienna Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိလာခဲ့သည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာနှင့် ရုရှားတင်းနစ် ကစားသမား ရူဘလက်ဗ်တို့ ဆီမီးဖိုင်နယ်အဆင့်တွင် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ဆင်နာသည် ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ် ကစားသမားတီယာဖိုးနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဂျန်နစ်ဆင်နာက (၆-၃၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ရုရှား တင်းနစ်ကစားသမား ရူဘလက်ဗ်သည် ကွာတားဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား အလက်ဇန်းဒါးဇီရက်ဗ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ရူဘလက်ဗ်က (၆-၁ ၊ ၆-၇ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ဆင်နာနှင့် တီယာဖိုးတို့ ပွဲစဉ်တွင် ဂျန်နစ်ဆင်နာက အများအယွင်းအနည်းဆုံးဖြစ်အောင်ကစားနိုင်ခဲ့ပြီး စွမ်းဆောင်ရည်ပိုင်းလည်း ကွာဟခဲ့ကာ ဂျန်နစ်ဆင်နာက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ရူဘလက်ဗ်နှင့် အလက်ဇန်းဒါးဇီရက်ဗ်တို့ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲစဉ်ဖြစ်ခဲ့ပြီး ရူဘလက်ဗ်က ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီး အလက်ဇန်းဒါးဇီရက်ဗ်က ပြန်လည်အနိုင်ရခဲ့သည်။

အဆုံးအဖြတ် ပွဲစဉ်အဖြစ် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ရူဘလက်ဗ်က ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# လူကာကူကို လှောင်ပြောင်သည့်အနေဖြင့် ဝီစီ ၃၀၀၀၀ မှုတ်မည့် အင်တာမီလန်အသင်းပရိသတ်များ၏အစီအစဉ် ပိတ်ပင်ခံရ

**ရောမ အောက်တိုဘာ ၂၈**

အင်တာမီလန်အသင်းပရိသတ်များက လာမည့် အင်တာမီလန်အသင်းနှင့် ရိုးမားအသင်းတို့ပွဲစဉ်တွင် ရိုးမားအသင်းတိုက်စစ်မှူး လူကာကူကို လှောင်ပြောင်သည့်အနေဖြင့် ဝီစီ ၃၀၀၀၀ မှုတ်မည့် အစီအစဉ် ပိတ်ပင်ခံခဲ့ရသည်။

လူကာကူသည် အင်တာမီလန်အသင်းတွင် ပထမအကြိမ်အဖြစ် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၂၂ ခုနှစ်မှ ယခုနှစ် ၄နှ်လထိလည်းကောင်း ကစားခဲ့ဖူးပြီး အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

လူကာကူသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းမှ အင်တာမီလန်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး ရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့်အတွက် ချဲလ်ဆီးအသင်းနှင့် ပူးပေါင်းခဲ့ပြီး ရိုးမားအသင်းသို့ မပြောင်းရွှေ့မီ အင်တာမီလန်အသင်းနှင့်ပြိုင်ဘက်ဖြစ်သည့် ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့ရန်ကြိုးပမ်းခဲ့သည့်အတွက် အင်တာမီလန်အသင်းက ၎င်းကို အပြီးသတ်ခေါ်ယူမည့် အစီအစဉ်အား ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

အီတလီစီးရီးအေပြိုင်ပွဲတွင် ၂၀၂၂ ခုနှစ် မတ်လက ဖီအိုရင်တီးနားအသင်းမှ တိုက်စစ်မှူး ဗလာဟိုဗစ်ချ်သည် ပြိုင်ဘက်အသင်းဖြစ်သည့် ဂျူဗင်တပ်အသင်းထံ ပြောင်းရွှေ့ခဲ့သည့်အတွက် ဖီအိုရင်တီးနားအသင်းနှင့် ဂျူဗင်တပ်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ဖီအိုရင်တီးနားအသင်းပရိသတ်များက ဗလာဟိုဗစ်ချ်ထံ ဘောလုံးရောက်ရှိခဲ့သည့် အချိန်တိုင်းတွင် ဝီစီ ၁၀၀၀၀ မှုတ်ပြီးလှောင်ပြောင်ခဲ့ကြသည်။

ယခုအခါတွင်လည်း အင်တာမီလန်အသင်း ပရိသတ်များက လာမည့် ရိုးမားအသင်းနှင့်အင်တာမီလန်အသင်းတို့ပွဲစဉ်တွင် လူကာကူထံ ဘောလုံးရောက်သည့်အချိန်တိုင်းတွင် အင်တာမီလန်အသင်းပရိသတ် ၃၀၀၀၀ က ဝီစီမှုတ်ပြီးနှောင့်ယှက်ရန် စီစဉ်ထားသော်လည်း ရိုးမားအသင်းနှင့် အင်တာမီလန်အသင်း လုံခြုံရေးတာဝန်ရှိသူများက ပိတ်ပင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# Maybank Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ရို့စ်ကျန် ဦးဆောင်

**ကွာလာလမ်ပူ အောက်တိုဘာ ၂၈**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပနေသည့် LPGA အဖွဲ့ချုပ်၏ Maybank Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်မယ် ရို့စ်ကျန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထိုင်းဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် ဆူဝမ်နာပူရာနှင့် သီတီကူလ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ကီစီယန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ထိုင်းဂေါက်သီးရိုက်မယ် သီတီကူလ်သည် ဒုတိယနေ့တွင် ပုံစံကောင်း ပျောက်ဆုံးခဲ့သော်လည်း တတိယနေ့တွင် အကောင်းဆုံးစွမ်းဆောင် ပြနိုင်ခဲ့သည့်အတွက် အမှတ်ပေးဇယား၏ ဒုတိယနေရာထိတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆူဝမ်နာပူသည် ပထမနေ့နှင့် ဒုတိယနေ့တို့တွင် အမှတ်ပေးဇယားအား တောက်လျှောက်ဦးဆောင်နိုင်ခဲ့သော်လည်း တတိယနေ့၏ အစောပိုင်းကျင်းများတွင် Bogey ဖြစ်ခဲ့သည့် ကျင်းများခဲ့သောကြောင့် အမှတ်ပေးဇယား၏ ဒုတိယနေရာသို့ ဆင်းပေးခဲ့ရသည်။

ရို့စ်ကျန်က "ဒီလိုခက်ခဲတဲ့ပြိုင်ပွဲမျိုးမှာကောင်းမွန်တဲ့ Game Plan တွေ ပြင်ဆင်ထားဖို့ လိုအပ်တယ်။ ရိုက်ချက်တစ်ချက်ချင်းစီတိုင်းကိုလဲ အာရုံစိုက်နိုင်ဖို့လဲလိုအပ်တယ်။ စိတ်ရှည်ဖို့လဲလိုအပ်သလို ရလဒ်မကောင်းတော့ရင်လဲ အရှုံးမပေးတဲ့စိတ်နဲ့ ကစားနိုင်ဖို့လိုအပ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)တွင် ဟံသာဝတီယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရရှိ



**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း နှစ်ဘက်အသင်းတိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ဖြင့်ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း အနိုင်ဂိုးများအတွက် နှစ်သင်းစလုံးတိုက်စစ်မြင့်ပြီး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် မိနစ် ၈၀ တွင် နေမိုးနိုင်က ဟံသာဝတီယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည်။

လက်ကျန် ပွဲချိန်များတွင် ရတနာပုံအက်ဖ်စီအသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးခဲ့သော်လည်း ဟံသာဝတီယူနိုက်တက်အသင်းက အနိုင်ရလဒ်ကိုအကောင်းဆုံးထိန်းချုပ် ကစားနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဟံသာဝတီယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

အဆိုပါနိုင်ပွဲကြောင့် ဟံသာဝတီယူနိုက်တက်အသင်းအနေဖြင့် နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့ကာ ရမှတ် ၃၁ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၃)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းက နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ကြောင်း သိရသည်။

**STA**

**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၉) ရလဒ်**

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၃ | - | ၂ | ဝုဖ်ဘတ် |
| ဘိုင်ယန်မြူးနစ် | ၈ | - | ၀ | ဒမ်စတက် |
| ဂလာဘတ် | ၂ | - | ၁ | ဟိုဒန်ဟိမ်း |
| စတုဂတ် | ၂ | - | ၃ | ဟော်ဖန်ဟိမ်း |
| ဝါဒါဘရီမင် | ၂ | - | ၀ | ယူနီယံဘာလင် **(ဝ၄၀)** |

# ခေါင်းဆောင်သူများ၏ ခေါင်းဆောင်မှုပုံစံ

**မျိုးသူ(ကုန်သွယ်မြှင့်)**

ရှေးက ခေါင်းဆောင်ဆိုသည်မှာ မွေးရာပါအရည်အချင်းရှိသူဟု သတ်မှတ်ကြသည်။ ခေါင်းဆောင်မှုကို မွေးမြူ၍မရဟု ယူဆခဲ့ကြသည်။ သို့ရာတွင် ယနေ့ခေတ်တွင် ခေါင်းဆောင်မှုပညာဟု လေ့ကျင့်သင်ကြားမှုများ၊ ကျင့်ကြံအားထုတ်မှုများဖြင့် ခေါင်းဆောင်များကို မွေးထုတ်နိုင်သည်ဟု သတ်မှတ်လာကြသည်။ ထိုကဲ့သို့ခေါင်းဆောင်မှုဆိုင်ရာကျင့်ဝတ်များ၊ ပုံသဏ္ဍာန်များ၊ လမ်းစဉ်များ စသည်တို့ကို သင်ကြားမှု၊ သင်ယူမှုများပြုလုပ်၍ ခေါင်းဆောင်ဖြစ်အောင် ဆောင်ရွက်လာကြသည်။ ထို့ကြောင့် ခေါင်းဆောင်မှုဆိုင်ရာကိစ္စများကို ဆွေးနွေးလိုသည်။ ခေါင်းဆောင်မှုပုံစံများကိုကြည့်လျှင် အမျိုးမျိုးကွဲပြားခြားနားနေသည်ကိုတွေ့ရသည်။ ကွဲပြားခြားနားသောခေါင်းဆောင်မှုပုံစံများသည် သူ့နေရာနှင့်သူ အသုံးဝင်သည်ကိုလည်း သတိပြုရန်လိုသည်။

ခေါင်းဆောင်မှုပညာကို စီးပွားရေးဆိုင်ရာပညာရပ်ထဲတွင် ထည့်သွင်းထားသည်ကို တွေ့နိုင်သည်။ စီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်ရာတွင် Management ဟူသော စီမံခန့်ခွဲရေးသာ လိုအပ်သည်ဟု အကြမ်းအားဖြင့်ဆိုနိုင်သော်လည်း စီမံခန့်ခွဲရေးလုပ်ငန်းများသည် ခေါင်းဆောင်မှုဆိုင်ရာသဘောတရားများဖြင့်လည်း ဆက်စပ်လျက်ရှိသည်ကိုတွေ့နိုင်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် ခေါင်းဆောင်ခြင်းဆိုင်ရာကျင့်ဝတ်၊ အလေ့အထ၊ စိတ်ဓာတ်၊ ပုံစံသည်တို့ကိုပါ ထည့်သွင်းကြခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းများအောင်မြင်ရေးသည် ခေါင်းဆောင်မှုဆိုင်ရာနည်းလမ်းများ၊ စိတ်ပိုင်းဆိုင်ရာခံယူမှုများနှင့် ယှဉ်တွဲလျက်ရှိနေသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် စီးပွားရေးအောင်မြင်ရန် ခေါင်းဆောင်မှုပညာကို လိုက်နာရန်လိုအပ်လာသည်။

**ခေါင်းဆောင်မှုပုံစံများ**

စီးပွားရေးတွင် ထင်ရှားသော ခေါင်းဆောင်မှုပုံစံလေးမျိုးရှိသည်။ အမိန့်ဖြင့်ခေါင်းဆောင်သောပုံစံ (Autocratic Leadership Style)၊ ဒီမိုကရက်တစ်ခေါင်းဆောင်မှုပုံစံ (Democratic Leadership Style)၊ လက်လွှတ်ခေါင်းဆောင်မှုပုံစံ (Laissez-Faire Leadership Style)နှင့် ဗျူရိုကရက်တစ်ခေါင်းဆောင်မှုပုံစံ (Bureaucratic Leadership Style) တို့ဖြစ်ကြသည်။

အမိန့်ဖြင့်ခေါင်းဆောင်သောပုံစံ (Autocratic Leadership Style) သည် ဆုပေးဒဏ်ပေးအုပ်ချုပ်သောအခြေခံပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ညှိနှိုင်းဆွေးနွေးခြင်းများပြုလုပ်လေ့မရှိဘဲ အမိန့်ပေးခေါင်းဆောင်သောနည်းလမ်းပုံစံမျိုးဖြစ်သည်။ အဆိုပါခေါင်းဆောင်မှုပုံစံကို မတည်ငြိမ်သောအချိန်များ၊ အရေးပေါ်ကာလများ၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသောအချိန်များတွင်သုံးစွဲရန်လိုအပ်သည်။ အချိန်နှင့်အမျှ အရေးကြီးနေချိန်တွင် တစ်ဦးနှင့်တစ်ဦးဆွေးနွေးညှိနှိုင်းနေရန်အချိန်မရှိဘဲ ချက်ချင်းဆုံးဖြတ်ရန်လိုအပ်သည့်အတွက် ခေါင်းဆောင်တစ်ဦးတည်းကသာ အရေးကြီးသောကိစ္စအားလုံးကို စဉ်းစားဆုံးဖြတ်ရသည်။ ခေါင်းဆောင်ကသာ မူဝါဒများ၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ၊ ကုန်ထုတ်လုပ်မှုများအားလုံးကို အဆုံးအဖြတ်ပေးတတ်သည်။ ထို့ကြောင့် ကြုံတွေ့ရသည့်အခက်အခဲများကိုကျော်လွှားနိုင်ရန်မှာ ခေါင်းဆောင်ပေါ်တွင်သာလုံးဝတည်မှီနေသည်။

ဒီမိုကရက်တစ်ခေါင်းဆောင်မှုပုံစံ (Democratic Leadership Style)ကို သာမန်အချိန်အခါမျိုးတစ်နည်းအားဖြင့် အချိန်ယူ၍ ဆွေးနွေးညှိနှိုင်းတိုင်ပင်နိုင်သည့်အချိန်မျိုးတွင် ခေါင်းဆောင်သည်အခြားသောပါဝင်သူများနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းပြီး အခက်အခဲများနှင့်အလုပ်ကိစ္စများအားလုံးကို ဆောင်ရွက်သောခေါင်းဆောင်မှုပုံစံဖြစ်သည်။ ထိုသို့အချိန်ပေးဆွေးနွေးညှိနှိုင်းပြီး အကောင်းဆုံးကိုရွေးချယ်ဆောင်ရွက်တတ်သဖြင့် အရည်အသွေးမြင့်မားပြီး ကာလရှည်ကြာစွာခေါင်းဆောင်မှုပေးနိုင်သည်ကိုတွေ့ရသည်။ စီးပွားရေးလုပ်ငန်းတစ်ခုတွင် ပုံမှန်အတိုင်း လုပ်ငန်းများကိုသူ့အချိန်နှင့်သူ အချိန်ပေးလုပ်ဆောင်နိုင်သည့်အချိန်မျိုးတွင် စီမံခန့်ခွဲရေးမန်နေဂျာများ၊ ပိုင်ရှင်များသည် အဆင့်ဆင့်တာဝန်ခံများ၊ Sector အလိုက် ကြီးကြပ်သူများနှင့်တိုင်ပင်ဆွေးနွေးပြီး ရည်မှန်းချက်ထုတ်လုပ်မှုအောင်မြင်ရန်၊ ဈေးကွက်ထိုးဖောက်ရန်၊ ငွေကြေးအရင်းအနှီးတိုးချဲ့ရန် သို့မဟုတ် ချွေတာရန်စဉ်းစားဆုံးဖြတ်နိုင်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ရေရှည်လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်သောကုန်ထုတ်လုပ်မှုကို ရရှိစေသည်။

လက်လွှတ်ခေါင်းဆောင်မှုပုံစံ (Laissez-Faire Leadership Style) ဆိုသည်မှာ စီမံခန့်ခွဲသူများက ပါဝင်သောလုပ်သားများ၊ ဝန်ထမ်းများကို ၎င်းတို့၏ အတွေးအခေါ်အကြံအစည်အတိုင်း လုပ်ငန်းများကို အကောင်အထည်ဖော်စေသော ခေါင်းဆောင်မှုပုံစံဖြစ်သည်။ လက်လွှတ်ပေးထားသောပုံစံမျိုးဖြစ်သည်ဟုလည်း ခေါ်ဝေါ်တတ်သည်။ ပြင်သစ်မှစတင်သောနည်းလမ်းဖြစ်ပြီး ခေါင်းဆောင်များက နောက်တန်းမှသာနေပြီး ဝန်ထမ်းများ၊ လုပ်သားများသာ လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်စေသောနည်းလမ်းဖြစ်သည်။ လုပ်သားများကို ကိုယ်ပိုင်ဆုံးဖြတ်တတ်သည့်အလေ့အကျင့်ကို တိုးတက်လာစေသည်။ သို့ရာတွင် ဆိုးကျိုးများလည်းရှိနေသည်ကို သတိပြုရန်လိုအပ်သည်။ ထို့ပြင် ခေါင်းဆောင်မှုဆိုင်ရာအရည်အချင်းများကိုလည်း တိုးတက်လာစေတတ်သည်။ အဆိုပါ ခေါင်းဆောင်မှုပုံစံကို Apple Company ၏ ခေါင်းဆောင်စတိဗ်ဂျော့ (Steve Jobs)က ကျင့်သုံးခဲ့သည်ကို တွေ့ရသည်။ လုပ်သားများနှင့် လုပ်ဖော်ကိုင်ဖက်များ၏ ဖန်တီးနိုင်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်ပြီး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုကိုရသည်ဟု ဆိုသည်။ သို့ရာတွင် ဤခေါင်းဆောင်မှုပုံစံသည် အကျိုးကျေးဇူးများစွာရှိသကဲ့သို့ အကျိုးကျေးဇူးဖြစ်ထွန်းခြင်းမရှိသည်လည်းများစွာရှိသည်ကို တွေ့ရသည်။

စီးပွားရေးလုပ်ငန်းများတွင် တွေ့ရတတ်သော ဗျူရိုကရက်တစ်ခေါင်းဆောင်မှုပုံစံ (Bureaucratic Leadership Style) ဆိုသည်မှာ လုပ်ထုံးလုပ်နည်းစာအုပ်ကြီးအတိုင်း စီမံခန့်ခွဲအုပ်ချုပ်တတ်သည့် ခေါင်းဆောင်မှုပုံစံမျိုးဖြစ်သည်။ အရာရာတွင် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများအတိုင်းသာ ဆောင်ရွက်တတ်ပြီး စွန့်စားမှုများ၊ တီထွင်ဖန်တီးမှုများမရှိသော လုပ်ငန်းဆိုင်ရာခေါင်းဆောင်မှုပုံစံမျိုးဖြစ်သည်။ သူ၏ အခန်းကဏ္ဍမှာ ရိုးရှင်းသည်ကို တွေ့နိုင်သည်။ မက်ဒေါ်နယ်မှ Steve Easterbrook နှင့် General Motor(GM)ကုမ္ပဏီမှ ဥက္ကဋ္ဌဖြစ်သူ Alfred P Sloan တို့သည် ထင်ရှားသော ဗျူရိုကရက်တစ်ခေါင်းဆောင်များဖြစ်ကြသည်။

**အခြားခေါင်းဆောင်မှုပုံစံများ**

အထက်ဖော်ပြပါ ခေါင်းဆောင်မှုပုံစံများအပြင် ပြုပြင်ပြောင်းလဲသောခေါင်းဆောင်မှုပုံစံ (Transformational Leadership Style)၊ တီထွင်ဖန်တီးနိုင်သောခေါင်းဆောင်မှုပုံစံ (Creative Leadership Style)၊ ပြောင်းလဲပြင်ဆင်သော ခေါင်းဆောင်မှုပုံစံ (Change Leadership Style)၊ ဓလေ့ထုံးတမ်းအမျိုးမျိုးရှိသောခေါင်းဆောင်မှုပုံစံ (Multicultural Leadership Style)၊ ပေါင်းကူးတံတားသဖွယ်ခေါင်းဆောင်မှုပုံစံ (Bridging Leadership Style) နှင့် Servant Leadership Style ဟူ၍လည်း ရှိသေးကြောင်း တွေ့ရသည်။

ပြုပြင်ပြောင်းလဲသောခေါင်းဆောင်မှုပုံစံ(Transformational Leadership Style) ဆိုသည်မှာ ကုမ္ပဏီဖြစ်စေ၊ လုပ်ငန်းတစ်ခု၊ အဖွဲ့အစည်းတစ်ခုတွင်ဖြစ်စေ ပါဝင်သောလုပ်ဖော်ကိုင်ဖက်များ၊ ပူးပေါင်းဆောင်ရွက်သူများ၊ အလုပ်သမားများကို စိတ်ဓာတ်တက်ကြွပြောင်းလဲစေရန်၊ စည်းရုံးလှုံ့ဆော်မှုပေးသောခေါင်းဆောင်မှုပုံစံမျိုးဖြစ်သည်။ ပါဝင်သူများအားလုံးကို အင်အားတိုးတက်လာစေရန်၊ ကောင်းမွန်သောနည်းလမ်းတကျပြောင်းလဲစေသောခေါင်းဆောင်မှုပုံစံမျိုးဖြစ်သည်။ အဆင်ပြေအောင် ပြောင်းလဲပြင်ဆင်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်နိုင်သော ခေါင်းဆောင်မှုပုံစံမျိုးဖြစ်သည်။ Apple Company ၏ ခေါင်းဆောင်စတိဗ်ဂျော့၏ ခေါင်းဆောင်မှုပုံစံမျိုးကို ပြုပြင်ပြောင်းလဲသော ခေါင်းဆောင်မှုပုံစံဟုလည်း ခေါ်ဆိုနိုင်သည်။

တီထွင်ဖန်တီးနိုင်သော ခေါင်းဆောင်မှုပုံစံ(Creative Leadership Style)ဆိုသည်မှာ လုပ်ငန်း၏ သဘောသဘာဝပေါ်တွင် အခြေခံပြီး လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို ဆန်းသစ်သောအတွေးအခေါ်များဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သောပုံစံမျိုးကို ခေါ်ဆိုကြသည်။ IBM ကုမ္ပဏီမှ စီအီးအိုသည် အဆိုပါနည်းလမ်းများအတိုင်း ခေါင်းဆောင်မှုပုံစံကို ဆောင်ရွက်ပြီး လုပ်ငန်းများကို ဆန်းသစ်သော အတွေးအခေါ်နည်းလမ်းများ၊ နည်းပညာဆန်းသစ်မှုများဖြင့်ပေါင်းစပ်၍ လုပ်ငန်းခွင်ကို ခေါင်းဆောင်မှုပေးသည့်ပုံစံမျိုးကို လေ့လာဆောင်ရွက်ခဲ့သည်ဟုဆိုသည်။ ခေါင်းဆောင်များတွင် ရိုးသားဖြောင့်မတ်မှုနှင့် ကမ္ဘာတစ်ခုလုံးဖြန့်ကြက်ကြည့်ရှုသည့်အတွေးအခေါ်များဖြစ်ထွန်းလာသည်ဟုဆိုသည်။ Elon Musk ကဲ့သို့ခေါင်းဆောင်မျိုးမှာ စီးပွားရေးလုပ်ငန်းများတွင် တီထွင်ဖန်တီးနိုင်သောခေါင်းဆောင်မှုပုံစံရှိသည့် ခေါင်းဆောင်ဖြစ်သည်။

ပြောင်းလဲပြင်ဆင်သောခေါင်းဆောင်မှုပုံစံ(Change Leadership Style) ဆိုသည်မှာ တိုးတက်ပြောင်းလဲရန်အတွက် အရေးကြီးသောအချက်များကို ပြောင်းလဲပြင်ဆင်ပေးသော၊ အောင်မြင်သောအဖွဲ့အစည်းများ၏ပုံစံများကဲ့သို့ ပြောင်းလဲပြင်ဆင်ပေးသော ခေါင်းဆောင်မှုပုံစံမျိုးကိုခေါ်သည်။ ဖြစ်ဒဏ်ဖြစ်သော ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ စွန့်ဦးတီထွင်ပြောင်းလဲခြင်းမျိုးဆောင်ရွက်နိုင်အောင် ကြိုးစားဆောင်ရွက်သည့်ပုံစံမျိုးဖြစ်သည်။

**❖ ခေါင်းဆောင်မှုပညာကို စီးပွားရေးဆိုင်ရာပညာရပ်ထဲတွင် ထည့်သွင်းထားသည်ကိုတွေ့နိုင်သည်။ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် Management ဟူသော စီမံခန့်ခွဲရေးသာလိုအပ်သည်ဟု အကြမ်းအားဖြင့်ဆိုနိုင်သော်လည်း စီမံခန့်ခွဲရေးလုပ်ငန်းများသည် ခေါင်းဆောင်မှုဆိုင်ရာသဘောတရားများဖြင့်လည်း ဆက်စပ်လျက်ရှိသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်ရာတွင် ခေါင်းဆောင်ခြင်းဆိုင်ရာကျင့်ဝတ်၊ အလေ့အထ၊ စိတ်ဓာတ်၊ ပုံစံသည်တို့ကိုပါ ထည့်သွင်းကြခြင်းဖြစ်သည်။ ❖**

ပေါင်းကူးတံတားသဖွယ်ခေါင်းဆောင်မှုပုံစံ(Bridging Leadership Style)မှာမူ ခေါင်းဆောင်သည် အထက်နှင့်အောက်၊ အတွင်းနှင့်အပြင် စသည့် လူသားအရင်းအမြစ်များ၊ လုပ်ငန်းများတွင် ပေါင်းကူးတံတားသဖွယ် ချိတ်ဆက်ဆောင်ရွက်ပေးသည့်ပုံစံမျိုးဖြစ်သည်။ ရောထွေးနေသော လူမှုစီးပွားရေးအခြေအနေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်ဝန်းကျင်နယ်ပယ်ရှိ စိန်ခေါ်မှုများနှင့်ပတ်သက်၍ အကောင်းဆုံးအခြေအနေမျိုးဖြစ်စေရန် ပေါင်းကူးချိတ်ဆက်ပေးသောခေါင်းဆောင်မှုပုံစံဖြစ်သည်။ ပြောင်းလဲနေသောလူမှုပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေရန် ပူးပေါင်းဆောင်ရွက်ပေးသည့်ပုံစံမျိုးဖြစ်သည်။

Servant Leadership Style ဆိုသည်မှာ ရည်မှန်းချက်ပန်းတိုင်(Vision) သို့ ရောက်ရှိရေးအတွက် အောင်မြင်ရေးနည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်ရာတွင် လုပ်ဖော်ကိုင်ဖက်များ၊ ဝန်ထမ်းများ၊ လုပ်သားများအတွက် အထောက်အပံ့ကို ခိုင်ခိုင်မာမာဆောင်ရွက်ပေးသော ခေါင်းဆောင်မှုပုံစံဖြစ်သည်။ အခြားသောခေါင်းဆောင်မှုပုံစံများကို ပေါင်းစပ်ဆောင်ရွက်ထားခြင်းမျိုးဖြစ်သည်ဟုဆိုနိုင်သော်လည်း အမိန့်ဖြင့်ခေါင်းဆောင်သောပုံစံ(Autocratic Leadership Style)နှင့် ဗျူရိုကရက်တစ်ခေါင်းဆောင်မှုပုံစံ (Bureaucratic Leadership Style)တို့နှင့် လုံးဝကွဲပြားခြားနားသောပုံစံဖြစ်သည်။ လုပ်ငန်းအတွင်းမှ လုပ်သားများ၏အကျိုးစီးပွားကို ကောင်းစွာထောက်မပေးသည့်ပုံစံဖြစ်သည်။

ဤခေါင်းဆောင်မှုပုံစံတွင် အဓိကအားဖြင့် ညာတာထောက်ထားခြင်း၊ ကိုယ်ချင်းစာခြင်း၊ လုပ်ဖော်ကိုင်ဖက်များ၊ လုပ်သားများ၏ ပြောစကားနှင့်အသံကို လက်ခံနားထောင်ပေးခြင်း၊ တစ်ဦးချင်းတိုးတက်လာအောင် စဉ်းစားဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းနှင့်လုပ်သားများကိုကြည့်ရှုစောင့်ရှောက်သူအဖြစ် ဆောင်ရွက်ပေးသည်။

ဤခေါင်းဆောင်မျိုးသည် စီးပွားရေးလုပ်ငန်းများတွင်လည်း လုပ်သားများ၊ ဝန်ထမ်းများနှင့် Stakeholder များအားလုံးအတွက် ကိုယ်ချင်းစာတရားဖြင့် ကြည့်ရှုစောင့်ရှောက်တတ်သူဖြစ်သည်။ အမိန့်ဖြင့် အုပ်ချုပ်ခြင်းအစား ထောက်မပေးခြင်းဖြင့် လုပ်ငန်းဆောင်ရွက်တတ်သူဖြစ်သည်။ များသောအားဖြင့် လုပ်ဖော်ကိုင်ဖက်များ၊ လုပ်သားများ၏ချစ်ခင်လေးစားမှုကို အထူးရရှိတတ်သူဖြစ်သည်။ သူကိုယ်တိုင်လည်း အခွင့်အရေးများစွာ ရယူတတ်သူမဟုတ်ပေ။ အမြတ်ကြီးစားတတ်သည့် စီးပွားရေးသမားမျိုးမဟုတ်ဘဲ လုပ်ငန်းကဏ္ဍ၏ဖွံ့ဖြိုးတိုးတက်မှု၊ လုပ်သားများ၏ဖွံ့ဖြိုးတိုးတက်မှုကိုဦးစားပေးတတ်သူဖြစ်သည်။ လုပ်သားများ၏ လိုအပ်ချက်ကို ဦးစားပေးဖြည့်ဆည်းတတ်သူတစ်ဦးဖြစ်သည်။ အထက်အောက်ခွဲခြားဆက်ဆံတတ်ခြင်းမျိုးရှိသည့် ခေါင်းဆောင်မှုမျိုးမဟုတ်သဖြင့် အကောင်းဆုံးသောခေါင်းဆောင်မှုပုံစံတစ်ခုဟု ဆိုနိုင်သည်။

လုပ်ငန်းခွင်အတွင်း ပါဝင်သူတိုင်း၏ရည်မှန်းချက်၊ ရည်ရွယ်ချက်များကိုလည်း ပံ့ပိုးတတ်သူဖြစ်သည်။ စားသုံးသူများအတွက်လည်း ဆောင်ရွက်ပေးတတ်ပြီး ဘယ်သူသေသေငတေမာပြီးရောဟူသော အမြတ်သာအဓိက၊ ငွေသာအဓိကဟူသော စီးပွားရေးလုပ်ငန်းရှင်မျိုးမဟုတ်သည်ကို တွေ့ရသည်။ ထို့ကြောင့် အတုအပများ၊ အလိမ်အညာများ၊ အမြတ်တစ်ခုတည်းသာကြည့်သူများ များပြားလာသည့် စီးပွားရေးလောကတွင် စီးပွားရေးလုပ်ငန်းရှင်များ၊ မန်နေဂျာများသည် အခိုင်းအစေနှင့်တူသော ခေါင်းဆောင်များဖြစ်လာရန်လိုအပ်သည်။ အဖွဲ့အစည်း၊ ကုမ္ပဏီလုပ်ငန်းတို့ကို အခိုင်းအစေကဲ့သို့ ကောင်းစွာထောက်ကူစောင့်ရှောက်ပေးမည့်ခေါင်းဆောင်မျိုးများ ပေါ်ထွန်းစေရန် ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

**ကိုးကား**

- Leadership Management Course များ

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကကြီးများအား သီတင်းကျွတ်လဂါရဝပြုကန်တော့ပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကကြီးများအား သီတင်းကျွတ်လ ဂါရဝပြုကန်တော့ပွဲကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အဆိုပါ သီတင်းကျွတ်လဂါရဝပြုကန်တော့ပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများဖြစ်ကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ စည်သူကြည်စိုးထွန်း၊ သရုပ်ဆောင် အကယ်ဒမီများရှင် မြင့်မြင့်ခင်၊ အကယ်ဒမီ ဦးအောင်လွင်၊ ဦးငွေအောင်၊ ဦးနှင်းမိုးတို့ကို ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့နှင့် Mahar Application တို့က ငွေကျပ် ၁၅၀၀၀၀ နှင့် မုန့်ခြင်းများဖြင့် ကန်တော့ခဲ့ကြပြီး နာယကကြီးများက ဩဝါဒစကားပြောကြားခဲ့ကြကြောင်း သိရသည်။

"နာယကကြီးတွေကို နှစ်စဉ်နှစ်တိုင်း ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့တွေ လာပြီး ကန်တော့တဲ့အတွက် အမေ့အနေနဲ့ ဝမ်းသာပီတိဖြစ်တာပေါ့။ ကျန်းကျန်းမာမာရှိနေလို့လဲ လာရောက် အကန်တော့ခံနိုင်တာပါ။ သတိတရရှိလို့ အမေတို့ ဝမ်းသာတာပေါ့။ နောက်နှစ်တွေမှာလဲ အသက်ရှည်ရှည်နဲ့ အကန်တော့ခံနိုင်ပါစေလို့ ဆုတောင်းပါတယ်"ဟု သရုပ်ဆောင် အကယ်ဒမီများရှင် မြင့်မြင့်ခင်က ပြောပြသည်။

အဆိုပါကန်တော့ပွဲ စတင်ခြင်းမပြုမီ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် နှစ်စဉ်ပြုလုပ်နေကျဖြစ်သည့် ဝါတွင်းကာလ ဝတ်ရွတ်ပူဇော်ခဲ့ခြင်းအနေဖြင့် ဝါရင့်သရုပ်ဆောင်များဖြစ်သည့် သရုပ်ဆောင် အကယ်ဒမီများရှင် မြင့်မြင့်ခင်၊ ခင်သန်းနွယ်၊ မတူး၊ မြတ်သစ္စာ စသည့်အမှုဆောင်များက အပိတ်အနေဖြင့် ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

ASH

# ထိုင်း-မြန်မာ သရုပ်ဆောင်များပါဝင်သည့် ချစ်ရသူ ဇာတ်လမ်းတွဲကို နိုဝင်ဘာလတွင် ရန်ကုန်တိုင်းဒေသကြီး၌ ဇာတ်အိမ်တည် ရိုက်ကူးမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

မီးမီးမွှေးရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ထိုင်း-မြန်မာ သရုပ်ဆောင်များပါဝင်သည့် ချစ်ရသူ ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာလတွင် ရန်ကုန်တိုင်းဒေသကြီး၌ ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ပိုင်စိုးသူက ပြောပြ၍ သိရသည်။

ချစ်ရသူ ရုပ်သံဇာတ်လမ်းတွဲကို မီးမီးမွှေး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည်ဖြစ်ကာ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဒါရိုက်တာ ဇော်လင်းထက်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာအဖြစ် ဒါရိုက်တာ ဇော်လင်းထက်ကပင် ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။



"ဘဝမှာ ကျရှုံးသည်ဖြစ်စေ၊ အောင်မြင်သည်ဖြစ်စေ ဒီအခိုက်အတန့်လေးကို ဘယ်တော့မှမေ့မှာမဟုတ်ဘူး။ ခုနှစ်နှစ်လောက်ကြိုးစားပြီးမှ ပထမဆုံးယုံယုံကြည်ကြည်နဲ့ အဓိကသရုပ်ဆောင်အနေနဲ့ ရိုက်ခွင့်ရတဲ့ ဇာတ်လမ်းတွဲလေးဖြစ်တယ်။ ကျွန်တော့်ဘက်ကတော့ အကောင်းဆုံးဆိုတာထက် ပိုပြီး ကြိုးစားသွားမှာပါ။ ပရိသတ်တွေကလဲ ဒီဇာတ်လမ်းတွဲလေး ထွက်လာခဲ့ရင် ကျွန်တော်တို့ရဲ့ ကြိုးစားမှုတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ စောင့်ကြည့်ပေးကြပါအုံး"ဟု သရုပ်ဆောင် ပိုင်စိုးသူက ပြောပြသည်။

ချစ်ရသူ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မင်းသွေးခန့်၊ ပိုင်စိုးသူ၊ လင်းသစ်အောင်၊ ဩဂတ်စ်မိုး၊ စွမ်းထက်အောင်၊ အေးသန္တာဗိုလ်၊ မင်းသူ၊ စိုးမိုးကြည်၊ အေးသီတာ၊ သန့်ဇော်ထွန်း၊ ရှိုင်းမာန်အောင်၊ ထိုင်းသရုပ်ဆောင် Nack၊ Nahm နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# နတ်မောက်မြို့နယ် တောင်ထောင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်မောက် အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ထောင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေကို အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများသည် တောင်ထောင့်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ငွေစာရင်းဖြည့်သွင်းထားရှိမှု ရှိမရှိ စာရင်းဇယားထိန်းသိမ်းမှု ရှိမရှိကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ထောင့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၈ ဦးကို ငွေကျပ် ၃၉ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် နှစ်သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုညဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို ငွေကျပ် ၄၃ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သူသူ(နတ်မောက်)**

# Good Grades ဇာတ်ကား၌ မင်းသား ဂျို့ဟာ့သီနက် ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၂၈**

ဒါရိုက်တာ အမ်နိုက်ရှယာမာလန်၏ Good Grades စိတ္တဇ ထိတ်လန့်သည်းဖို ဇာတ်ကားတွင် မင်းသား ဂျို့ဟာ့သီနက် ပါဝင်လာကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

Good Grades ဟူသော အမည်ဝှက်ဖြင့် ရိုက်ကူးရေး လုပ်ငန်းများ စတင်နေပြီဖြစ်သည့် အဆိုပါဇာတ်ကားသည် ဂီတဖျော်ဖြေပွဲတစ်ခုကို နောက်ခံထားရိုက်ကူးမည့် စိတ္တဇထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်သည်။

ကမ္ဘာကျော်ဒါရိုက်တာအမ်နိုက်ရှယာမာလန်သည် အဆိုပါဇာတ်ကားကို ကိုယ်တိုင်ရိုက်ကူးနေသည့်အပြင် ထုတ်လုပ်သူအဖြစ်လည်း တာဝန်ယူနေခြင်းဖြစ်သည်။

လက်ရှိတွင် Good Grades ဇာတ်ကားကို ကနေဒါနိုင်ငံ၌စတင် ရိုက်ကူးနေပြီဖြစ်ကြောင်း၊ အဆိုပါ ဇာတ်ကားတွင် မင်းသား ဂျို့ဟာ့သီနက်သည် မင်းသမီး ဆာလီကာရှယာမာလန်နှင့်အတူ ပါဝင်သရုပ်ဆောင်နေခြင်းဖြစ်သည်။

အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဒါရိုက်တာ အမ်နိုက်ရှယာမာလန်က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref: Russia Today**
**Trs: KKO**



# The Fabulous Four ဇာတ်ကားတွင် မင်းသမီး ရှာရီလီရာ့ ပါဝင်သရုပ်ဆောင်နေ

**နယူးယောက် အောက်တိုဘာ ၂၈**

The Fabulous Four ဇာတ်ကားတွင် မင်းသမီး ရှာရီလီရာ့ ပါဝင် သရုပ်ဆောင်နေကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် ရှာရီလီရာ့သည် မင်းသား ဘရစ်ဂရင်းဝုဒ်၊ မင်းသမီး ဆူဆန်ဆာရာဒန်၊ ဘက်တီမစ်ဒလာတို့နှင့်အတူ ပါဝင်သရုပ်ဆောင်နေသည်။

လက်ရှိတွင် The Fabulous Four ဇာတ်ကား ရိုက်ကူးရေး လုပ်ငန်းကို ဂျော်ဂျီယာပြည်နယ်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် မင်္ဂလာပွဲတစ်ပွဲအတွက် ခရီးထွက်စဉ် မိတ်ဆွေတစ်စု၏ဘဝများ အပြောင်းအလဲဖြစ်ခဲ့ရပုံကို ပုံဖော်ရိုက်ကူးနေသည့် ဟာသဇာတ်ကားဖြစ်သည်။

မင်းသမီး ရှာရီလီရာ့သည် Abbott Elementary ရုပ်သံဇာတ်လမ်းတွဲဖြင့် ၂၀၂၁ ခုနှစ် Emmy ဆုကိုရရှိခဲ့သည့် ၃၅ နှစ်တာကာလအတွင်း အဆိုပါဆုကို ရရှိခဲ့သည့် ပထမဆုံးလူမည်းအမျိုးသမီးသရုပ်ဆောင်ဖြစ်သည်။

The Fabulous Four ဇာတ်ကားကို ၂၀၂၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ ရုံတင်ပြသရန်ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

**Ref: Xinhua News**
**Trs: KKO**



# Export of marine product via Kawthoung border camp earns more than US$1 million in two days of October


Factory workers preparing fish for export.

**Kawthoung October 28**

The Ministry of Commerce on 24 October stated that export of fishery products from Myanmar earned more than US$1 million through Kawthoung border camp within two days of October due to hiking prices of fish in Thai market.

On 16 and 17 October this year, export of fish in varieties pocketed US$1.585 million and import, US$0.263 million, totalling US$1.848 million.

Kawthoung border trade camp handled export of oil palm and fishes and imported diesel, ceramic tiles, foodstuffs and chemicals. High prices of fish helped increase incomes at Kawthoung camp.

During the two-day period, Myanmar exported 197.66 tons of varieties of fish to Thailand. The camp earned US$67.422 million incomes from April to September 2023-24 financial year comprising US$55.736 million for export goods and US$11.686 million for import goods.

Currently, the camp manages payments for export and imports with the use of A Bank, MEB, KBZ and AYA pays.

336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chaungu Township cultivates more than 5,000 acres of vegetables this year

**ChaungU October 28**

A total of 5,233 acres of croplands were placed un vegetable plantations in ChaungU township of Monywa district this monsoon, according to the statistics of the Township Agriculture Department.

The township set a target to grow 3,962 acres of vegetables in monsoon cultivation season in 2023-24 financial year. So far, the township has cultivated 5,233 acres of crops as from May this year.

"This year, the township has grown 5,233 acres of vegetables exceeding the target of 3,962 acres. So, sown acreage of vegetables much exceeded the target. Local farmers plant mustard, tomato, cabbage, cauliflower, ladyfinger and others. The department educates the farmers to grow all crops under the GAP system. Moreover, technical assistance is being provided to local farmers to cultivate crops with the least chemical residue," said head of Township Agriculture Department Daw Khin Myat Myat Oo.


A vegetable plantation.

This year, the department conducts training on Good agricultural practices to the farmers and techniques on production of healthy vegetables and extension of croplands.

The township set a target of cultivation for vegetables on 7,138 acres in in coming cold season of 2023-24 financial year. In the previous financial year, local farmers grew 3,962 aces of vegetables from October to December.

206

# Platform Nos. 6 and 7 of Yangon Railway Station to be upgraded

**Yangon October 28**

Platform Nos. 6 and 7 will be upgraded at the Yangon Railway Station, according to the Ministry of Transport and Communications.

The Yangon Railway Station is the largest and most congested in Mingalar Taungnyunt Township in the center of Yangon City, which is busy with arrivals and departures of highway, circular and local trains.

For the current 2023-2024 fiscal year, railway upgrades are being carried out along the railroad sections along several local railway stations. Tenders were invited in September, and now an open tender has also been invited to upgrade Platform Nos. 6 and 7 of the Yangon Railway Station.

The forms of the tender will be sold from October 2 to November by 2:30 p.m. at the Logistics Department of Myanmar Railways, at the corner of Merchant Road and 51st Street in Botahtaung Township. Myanmar Railways are now available for inquiry at 2943521 or 291994. Singapore No. (1) (2) and (4) at Yangon Railway Station

The Yangon Railway Station is 29.15 miles long with 39 railway stations, including the Yangon Railway Station. It is reported that it will take only one hour and 50 minutes instead of two hours and 50 minutes to complete a full circular tour of Yangon city.

336



Yangon Railway Station.

# Cultivation of late-monsoon cotton finished on more than 38,000 acres of croplands in Yamethin Township

**Yamethin October 28**

Local farmers in Yamethin Township have cultivated more than 38,000 acres of late-monsoon cotton this financial year to meet the local demand, said Head of Township Agriculture Department U Aung Myo Thant.

The township set a target of 38,736 acres of late-monsoon cotton to be grown from September this year. So far, the township has placed 38,309 acres of cotton against the target of 38,736 acres. Remaining acres of croplands are being placed under the late-monsoon cotton. Local growers chose Shwedaung-10, Shwedaung-8 and Ngwechi-6 cotton strains in addition to hybrid cotton species imported by private businesspersons.

"Long staple cotton has high demand at domestic market, creating the chances for local growers to have cost effective. Local farmers do not any difficulties in selling cotton to the market due to demands of cotton ginning factories in the country," he explained.

Local farmers cultivate pre-monsoon, monsoon and late-monsoon cottons all the year round. They have cultivated 38,309 acres of late-monsoon cotton. As cotton can resilience of drought at some extent, local farmers choose cotton for cultivation in their regions.

185

# Large trade volume set with China, Thailand, Singapore in H1 of 2023-24 FY


Cargo containers seen at a Yangon international port.

**Nay Pyi Taw October 28**

The Ministry of Commerce on 24 October stated that Myanmar could handle the large trade volume with China, Thailand and Singapore among 135 trade partner countries within the first half of the 2023-24 financial year, from April to 31 September.

Myanmar contacts with 238 trade market countries in trading. From April to September in the 2023-24 financial year, the country has been operating trade with 135 partner countries.

In this regard, Myanmar managed export value worth US$7,623.317 million and import value worth US$8,454.139 million, totalling US$16,077.456 million through maritime and border trade routes.

During the period, the trade relations set the largest amount with China, followed by Thailand and Singapore in the first half of the financial year.

With regard to China, expot value reached US$1.542.356 million and import one, US$2,961.291 million, totalling US$ 4,503.647 million. For the time being, Myanmar contacted with Thailand with the export volume worth US$2,035.522 million and the import one US$1,033.128 million whereas with Singapore in export volume worth US$72.356 million and import, US$1,740.456 million, totalling US$1,812.812 million.

Trade process uses maritime trade route as well as land borders.

336

# EU calls for pauses in Gaza bombing to allow humanitarian aid access

**Brussels October 28**

European leaders on Friday called for "pauses for humanitarian needs" to allow aid into Gaza through humanitarian corridors.

During the two-day EU summit that ended on Friday in Brussels, leaders of the 27-member bloc held heated discussions over the conflicts between Israel and Hamas and between Ukraine and Russia.

European Council President Charles Michel said on Friday that the escalation of the conflict in Gaza was extremely dangerous to the region and the world, and that the EU was working to avoid this.

"The European Council reiterates the importance of ensuring the protection of all civilians at all times in line with international humanitarian law," said the official statement issued after the summit.

The leaders also said the EU "supports the holding of an international peace conference soon."

Humanitarian convoys have been trickling in since Oct. 21 after two weeks of no cargo going into Gaza, but their scale and frequency is nowhere near enough, a World Food Programme official said at a press briefing in Geneva on Friday.

Regarding the Russia-Ukraine conflict, the European heads of state and government confirmed their commitment to continue providing military support to Ukraine through the European Peace Facility and the EU Military Assistance Mission, as well as bilateral assistance by the member states. Xinhua

# Kyaiklat Township sends 110,000 viss of fish-paste to Yangon within one month

**Kyaiklat October 28**

A total of 110,000 viss of fish-paste in various sorts was distributed to Yangon from Kyaiklat Township in Ayeyawady Region, said Daw Aye Maw, owner of fish-paste and dried fish trading of Kyaiklat Township.

The township could send 85,000 viss of fish-paste to Yangon in August, compared with 110,000 viss from 1 to 30 September. Currently, high demand of Yangon market is a drive for distribution of fish-paste from Kyaiklat Township.

"Dried fish from Kyaiklat Township occupies the market share in Yangon. Consumers in Yangon prefer to buy dried fish of Kyaiklat Township due to fine preservation of goods. In both September and October, dried fish of Kyaiklat is marketable in Yangon. So, local fishery industries earn increased incomes," she added.


Fish paste for sale at a market.

Local fishermen and businesspersons sent various sorts of dried fish and fish-paste to Yangon, fetching K8,500 to K25,000 per viss of fish-paste in varieties.

Kyaw Kyaw Lin

# Biden meets Chinese FM in Washington

**Washington October 28**

U.S. President Joe Biden met here Friday with Chinese Foreign Minister Wang Yi.

Wang, also a member of the Political Bureau of the Communist Party of China Central Committee, first conveyed Chinese President Xi Jinping's greetings to Biden.

The ongoing visit, Wang added, is aimed at communicating with the U.S. side to follow through on the important common understandings reached by the two heads of state, and proceed from the Xi-Biden Bali summit towards a San Francisco summit, so as to prevent bilateral ties from further deteriorating and bring the China-U.S. relationship back on the track of healthy and steady development at an early date.

The one-China principle and the three China-U.S. joint communiques are the most important political foundation for bilateral relations, which must be upheld without interference, Wang said.

China heeds the U.S. hope to stabilize and improve relations with China, he said, adding that the two sides need to act with a sense of responsibility for the world, history and people, and push for the steady and sound development of China-U.S. relations in line with the three principles of mutual respect, peaceful coexistence and win-win cooperation proposed by Xi. Xinhua



# SSB issues K13.6 million compensation to insured workers in Aungmyethazan Township

**Mandalay October 28**

This financial year, more than K13.6 million of compensation has been issued to insured workers in Aungmyethazan Township of Mandalay Region, according to the Social Security Board.

Staff Officer Daw Moe Moe Thwe of the Aungmyethazan Social Security Office said that the township office has recorded 979 cases of insured workers to enjoy the rights of social security guarantees, most of who demanded illness and maternity cases. Among them, the office has issued more than K13.6 million to the insured workers.

"Our office collected fees for insured workers to enjoy rights and compensations in illness, maternity, injuries in workplaces and death. If they demand their rights to get designated per cent within one month, we prepare to issue the compensation. Within the period of medical leave, we fill the needs of salaries to reach original pay for the insured workers. In fact, our office gives a helping hand to insured workers for their rights," she added.

The Social Security Board is ready to provide compensation for insured workers in illness, maternity, funeral cost, medical charge, travel allowance and injuries in workplaces.

185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားက ဥမင်လိုဏ်ခေါင်းများ၊ စက်ရုပ်များအပါအဝင် စစ်နည်းဗျူဟာများပြောင်းလဲကျင့်သုံးခဲ့ဟု ယူကရိန်းပြော



ရုရှားတပ်ဖွဲ့များသည် ရှေ့တန်းသို့ ထိုးဖောက်ဝင်ရောက် စစ်ဆင်ရန်နှင့် နယ်မြေပိုမိုသိမ်းပိုက်ရန် ဥမင်လိုဏ်ခေါင်းများ၊ စက်ရုပ်များအပါအဝင် စစ်မြေပြင်နည်းဗျူဟာသစ်များ ပြောင်းလဲကျင့်သုံးခဲ့ကြောင်း ယူကရိန်းစစ်ဘက်၏ ပြောကြားချက်ကို www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် ယခုအခါ ပုံဖျက်ဖုံးကွယ်မှုအားကောင်းစေရန်အတွက် ဥမင်လိုဏ်ခေါင်းများကို စတင်တူးဖော်နေပြီဟု ယူကရိန်း၏ အမှတ် (၁၁၀) ယန္တရားတင် တပ်မဟာမှ ပြောရေးဆိုခွင့်ရှိသူ Anton Kotsukon က ယူကရိန်းနိုင်ငံပိုင် ရုပ်မြင်သံကြားသို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားတို့သည် ရန်သူ့တပ်စခန်း၊ တည်နေရာများနှင့် ပိုမိုနီးကပ်သော နေရာများတွင် ရုတ်တရက်ပေါ်ထွက်လာတတ်ပြီး ၎င်းတို့၏ စစ်ဆင်ရေးလှုပ်ရှားမှုများကို သတိပြုမိစေရန်အတွက် မြေအောက်တပ်စခန်း အခြေခံအဆောက်အအုံများကို တည်ဆောက်လျက်ရှိသည်။

ဒရုန်းများသည် မြေအောက်ရှိတပ်စခန်းများတွင် လှုပ်ရှားဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအပေါ် ထောက်လှမ်းနိုင်ခြင်း မရှိသောကြောင့် ချေမှုန်းရေး စစ်နည်းဗျူဟာသစ်သည် ရုတ်တရက် စစ်ဆင်ရေးအတွက် အထူးသင့်လျော်သည်။

"ကျွန်တော်တို့ရဲ့ ပဋိပက္ခကို ပထမကမ္ဘာစစ်နဲ့ ခိုင်းနှိုင်းပြောလေ့ရှိတယ်။ Avdiivka မြို့သိမ်းတိုက်ပွဲမှာ ရုရှားတပ်ရင်း၊ တပ်ဖွဲ့တွေဘက်က ဒီလိုမျိုး စစ်နည်းဗျူဟာတွေကို စတင်အသုံးပြုလာခဲ့တယ်"ဟု ရောမခေတ်ကတည်းက အသုံးပြုခဲ့သော ဥမင်လိုဏ်ခေါင်းစစ်နည်းဗျူဟာကိုရည်ညွှန်း၍ Kotsukon က ပြောကြားခဲ့သည်။

ဥမင်လိုဏ်ခေါင်း စစ်ဆင်ခြင်းအပြင် ရုရှားတပ်ဖွဲ့များသည် ရှေ့တန်းစစ်မျက်နှာများရှိ တပ်ဖွဲ့ဝင်များကို အထောက်အပံ့ဖြစ်စေရန်အတွက် အဝေးထိန်းစက်ရုပ်ကိရိယာများကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရုပ်စနစ်များကို လက်နက်များ၊ ခဲယမ်းမီးကျောက်များနှင့် အခြားပံ့ပိုးရေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ထိခိုက်နစ်နာမှုမရှိစေဘဲ ဖြန့်ကြက်အသုံးပြုနိုင်ကြောင်း Kotsukon က ပြောကြားခဲ့သည်။

"ဒီစက်ရုပ်တွေက အရွယ်အစား အနေနဲ့ အတော်လေးကြီးမားပြီး အလေးချိန်များများသယ်ဆောင်နိုင်စွမ်းရှိပါတယ်"ဟု Kotsukon က ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားတို့အနေဖြင့် ရန်သူ့တပ်များဆီသို့ ချဉ်းကပ်တိုက်ပွဲဝင်ရာတွင် ဥမင်လိုဏ်ခေါင်း ဖောက်လုပ်စစ်ဆင်နိုင်မှုနှင့် စက်ရုပ်များအသုံးပြုနိုင်ခြင်းသည် ပဋိပက္ခအတွင်း တိုင်းပြည်၏ အင်အားတောင့်တင်းသော စစ်ဘက်ဝန်ထမ်းများ ပိုင်ဆိုင်ထားမှုနှင့် အရင်းအမြစ် ကြွယ်ဝမှုများကိုထင်ဟပ်စေလျက်ရှိသည်။

ရှေ့တန်းစစ်မျက်နှာများတွင်တိုက်ပွဲများ နေ့စဉ်ဖြစ်ပွားနေကြောင်းနှင့် ရုရှားတို့အနေဖြင့် နောက်ထပ်ထိုးစစ်ဆင်ရန် စစ်လက်နက်ခဲယမ်း၊ စက်ပစ္စည်းကိရိယာများနှင့် ရိက္ခာများပြတ်တောက်သွားပုံလည်းမရှိကြောင်း ယူကရိန်း၏ အမှတ် (၁၁၀) ယန္တရားတင် တပ်မဟာမှ ပြောရေးဆိုခွင့်ရှိသူ Kotsukon က ပြောကြားသည်။

**Ukraine Says Russia Now Using Evolved Tactics Including Tunnels, Robotics ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီထုတ် Leopard တင့်ကားများ ရုရှားဒရုန်းများဖြင့် တိုက်ခိုက်ဖျက်ဆီးခံခဲ့ရ

ဂျာမနီထုတ် Leopard တိုက်ပွဲဝင်တင့်ကားများကို ရုရှားဒရုန်းများဖြင့် တိုက်ခိုက်ဖျက်ဆီးခံခဲ့ရကြောင်း ယူကရိန်းပဋိပက္ခမှ အသစ်ထွက်ပေါ်လာသည့် ဗီဒီယိုဖိုင်တစ်ခုကို အောက်တိုဘာ ၂၅ ရက်တွင် Russia Today သတင်းဌာနက ရေးသားဖော်ပြထားသည်။

Open-Source ပဋိပက္ခစောင့်ကြည့်ရေး Lost Armourချန်နယ်သည် တိုက်ခိုက်ဖျက်ဆီးခံခဲ့ရသော တင့်ကားများကို ဂျာမနီထုတ် Leopard 2A4s အဖြစ် ထုတ်ဖော်ရေးသားထားသည်။

မကြာသေးမီရက်သတ္တပတ်များအတွင်း ပဋိပက္ခများ အပြင်းအထန်ဖြစ်ပွားရာ နေရာများဖြစ်သည့် Zaporozhye ဒေသရှိ Rabotino မြို့အနီးတွင် ရိုက်ကူးထားသော ဗီဒီယိုဖိုင်များဖြစ်သည်ဟုလည်း သိရသည်။

နောက်ထပ် ဗီဒီယိုဖိုင်တစ်ခုတွင် Leopard တင့်ကားတစ်စီးသည် ပဋိပက္ခတစ်လျှောက်လုံးတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြသည့် First Person View (FPV) ဒရုန်းဖြင့် တိုက်ခိုက်မှုမခံရမီ ကွင်းပြင်တစ်ခုကို ဖြတ်သန်းမောင်းနှင်ကာ အမြောက်ကျည်အချို့ ပစ်ခတ်နေခြင်းကို ပြသထားသည်။

ဇွန်လအစောပိုင်းတွင် ယူကရိန်း၏ တန်ပြန်ထိုးစစ်စတင်ချိန်မှစ၍ ရုရှားစစ်ဘက်သည် အနောက်နိုင်ငံထုတ် စစ်လက်နက်ပစ္စည်းကိရိယာများ အပါအဝင် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သော ယူကရိန်းစစ်လက်နက်ပစ္စည်းများ၏ ဓာတ်ပုံနှင့် ဗီဒီယိုများကို အကြိမ်ကြိမ် ထုတ်ပြန်ခဲ့သည်။ ဂျာမနီထုတ် Leopard တင့်ကားများနှင့်ဗြိတိန်နိုင်ငံထုတ် Challengers တင့်ကားအနည်းဆုံး နှစ်စီးထိ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ခြင်းနှင့် သိမ်းဆည်းရမိ ဗီဒီယိုများကို လူသိရှင်ကြားထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် ရုရှားနိုင်ငံမှ Lancet တိုက်ခိုက်ရေးဒရုန်းများဖြင့် လေယာဉ်ကွင်းများတွင် ရပ်နားထားသည့် ယူကရိန်းလေယာဉ်များကို တာဝေးပျံသန်း၍ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့မှုများနှင့်ဗြိတိန်နိုင်ငံထုတ် ဟောင်ဝစ်ဇာအမြောက်များကို တိကျစွာတိုက်ခိုက်ဖျက်ဆီးမှု ဗီဒီယိုဖိုင်များ ထုတ်ပြန်ခဲ့ဖူးသည်။

ရုရှားသည် ယူကရိန်းသို့ နိုင်ငံခြားလက်နက်များ တင်ပို့ရောင်းချမှုအပေါ် အကြိမ်ကြိမ်ဆန့်ကျင်ကန့်ကွက်ခဲ့ပြီး အဆိုပါလက်နက်များသည် တိုက်ပွဲများရှည်ကြာစေသော်လည်း အထူးစစ်ဆင်ရေးစစ်ရေးရည်မှန်းချက်များကို ဟန့်တားရန် အနည်းငယ်မျှသာ အထောက်အကူဖြစ်လိမ့်မည်ဟု အခိုင်အမာပြောကြားခဲ့ကြောင်း သိရသည်။



ရုရှား၏အနောက်နိုင်ငံထုတ် တင့်ကားသံချပ်ကာများကို မီးလောင်ဖျက်ဆီးပစ်မည်ဖြစ်ကြောင်းနှင့် မကြာသေးမီက ထောက်ပံ့ပေးထားသော အမေရိကန်ထုတ် Abrams တင့်ကားများသည် စွမ်းဆောင်ရည်ကောင်းမွန်သော လက်နက်များဖြစ်သည်ဟု အသိအမှတ်ပြုခဲ့ကြောင်း၊ ၎င်းတို့သည်လည်း မီးလောင်ပျက်စီးသွားလိမ့်မည်ဟု ပြီးခဲ့သောလနှောင်းပိုင်းတွင် Kremlin ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က သတိပေးပြောကြားထားကြောင်း သိရသည်။

ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ နောက်ဆုံးခန့်မှန်းချက်အရ ယူကရိန်းသည် စက်တင်ဘာလတစ်ခုတည်းအတွင်း တန်ပြန်ထိုးစစ်တွင် တပ်ဖွဲ့ဝင် ၁၇၀၀၀ ကျော်နှင့် စစ်လက်နက်ပစ္စည်း ကိရိယာပေါင်း ၂၇၀၀ ကျော် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ယူကရိန်းတပ်ဖွဲ့ဝင်များ အသေအပျောက်များစွာကြုံတွေ့ခဲ့ရသော်လည်း ဇွန်လက စတင်ခဲ့သော တန်ပြန်ထိုးစစ်ဆင်မှုသည် ရှေ့တန်းစစ်မျက်နှာတွင်ကြီးမားသော ပြောင်းလဲမှုများ ရရှိပိုင်ဆိုင်နိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။

**Russian drones hunt for German Leopard tanks (VIDEOS) ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၅၀၈၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၅၀၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၁၃၉၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လကစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၅၀၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုမြို့နယ်မှာ ဒီနှစ် စပါးဧက ၁၁၃၉၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ အခု ၁၀၅၀၈၃ ဧကထိ စိုက်ပျိုးပြီးပါပြီ။ အထွက်နှုန်းကောင်းမွန်ဖို့၊ အချိန်မီစိုက်ပျိုးကြဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့အတွက် ကာကွယ်ရေးနည်းစနစ်တွေ၊ စိုက်ပျိုးနည်းစနစ်တွေဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းများအသုံးပြုတတ်ရန်၊ မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရွှေဘိုမြို့နယ်တွင် ၂၀၂၂ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၅၃၄၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ၅၂၄၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# နမ္မတူမြို့နယ် ပန်လုံ(မန်ကျန်း)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နမ္မတူ အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ္မတူမြို့နယ် ပန်လုံ(မန်ကျန်း)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးငွေကျပ် ၁၅ သန်း၊ ကျေးလက်နေပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်သည့် နမ္မတူမြို့နယ် ပန်လုံ(မန်ကျန်း) ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို မှာကြားသည်။



နမ္မတူမြို့နယ် ပန်လုံ(မန်ကျန်း) ကျေးရွာ၌ အရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းပြီးစီးပါက ကျေးရွာနေပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# စေတုတ္တရာမြို့နယ် မွန်ဇော်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေး

**စေတုတ္တရာ အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မွန်ဇော်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မွန်ဇော်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အရင်းဆပ်ကာလ၊ အတိုးဆပ်ကာလနှင့် စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများ၏တာဝန်များ၊ ခံစားပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မွန်ဇော်ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် ၁၀၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မွန်ဇော်ကျေးရွာရှိ ဆီထွက်သီးနှံစိုက်တောင်သူဦးရေ ၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၁၀၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၈-၁၀-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဒီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၁၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)









မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

မှ ရှေ့ဖုံးမှအဆက်

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးရဟန်းရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဉယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂမဟာပဏ္ဍိတသာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါမိပတိ ခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဉယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညို လေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးထွန်းညှိပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် ဘုရားဖူးရဟန်းရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ခုနစ်ရက်သားသမီး အလှူရှင်များအနေဖြင့်လည်း ဘုရားဖူးပြည်သူများသုံးဆောင်နိုင်ရန်အတွက် သက်သတ်လွတ်သီးစုံဒံပေါက်များကို အာဟာရဒါနစေတနာအဖြစ် ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ကေတုမတီမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲပြုလုပ်



ကေတုမတီမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၈

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ် သီတဂူဗုဒ္ဓတက္ကသိုလ်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် သီတဂူကေတုမတီ ဝိပဿနာဓမ္မရိပ်သာရှိ ပဋ္ဌိသောတဂါမိနိဓမ္မဗိမာန်တော်၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့်အရာရှိ၊စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တတိက္ခသာရ အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ရေစက်ချမင်္ဂလာကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် သီတဂူဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ သံဃာတော်များအား အရှက်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# တောင်ကြီးမြို့၏သာယာလှပသောရှုခင်းများကို Sight Seeing ကြည့်ရှုနိုင်ရန် တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီးခရီးစဉ် အခမဲ့ရထားပြေးဆွဲ

နေပြည်တော် အောက်တိုဘာ ၂၈

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရွှေညောင်-တောင်ကြီးရထားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် နောင်ကားလမ်းခွဲ-ပင်းပက်ရထားလမ်းပိုင်းသစ်ဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ရထားလမ်းပိုင်းဖွင့်လှစ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၂၂ ရက်တွင် တောင်ကြီးဘူတာ၌ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ခရီးသွားပြည်သူများ တောင်ကြီးမြို့၏သာယာလှပသောရှုခင်းများကိုစိတ်ချမ်းမြေ့စွာကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီးရထားခရီးစဉ်ကို ယနေ့တွင် အခမဲ့ပြေးဆွဲပေးခဲ့ပြီး အောက်တိုဘာ ၂၉ ရက်တွင်လည်း ထပ်မံပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကြီး-ပေါ်မူခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင်ကွာဝေးပြီး ပြေးဆွဲချိန် တစ်နာရီခွဲခန့်ကြာမြင့်၍ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကိုကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးကာ ပေါ်မူဘူတာသို့ရောက်ရှိချိန်တွင် တွဲရွှေ့ပြုလုပ်ချိန် တစ်နာရီရပ်တန့်ပေးခဲ့သည်။ ပြေးဆွဲသည့်ရထားတွဲဆိုင်းမှာ မြင်းကောင်ရေအား ၂၀၀၀ စက်ခေါင်းဖြင့် အထက်တန်းနှစ်တွဲ၊ ရိုးရိုးတန်းသုံးတွဲနှင့် ရထားထိန်းတွဲ တစ်တွဲတို့ဖြင့် ပြေးဆွဲပေးခဲ့ခြင်းဖြစ်သည်။

ခရီးစဉ်၌ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ တောင်ကြီးအခြေစိုက်ခရီးသွားကုမ္ပဏီများဖြစ်သည့် Eastern Breeze Co.,Ltdနှင့် Silver Mountain UTZ Co.,Ltdတို့မှ တာဝန်ရှိသူများ၊ ကလောအခြေစိုက် ခရီးသွားကုမ္ပဏီများဖြစ်သည့် Phone NyanCo.,Ltdတို့မှ တာဝန်ရှိသူများနှင့်ပြည်နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်း ၂၂၅ ဦးလိုက်ပါစီးနင်းခဲ့ကြောင်းသိရသည်။

နောက်ပိုင်းတွင် အပတ်စဉ် စနေနေ့၊ တနင်္ဂနွေနေ့ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး-ပေါ်မူ အသွား၊အပြန်ခရီးစဉ်အတွက် နှုန်းထားသတ်မှတ်ပြီး ပြေးဆွဲပေးရန်စီစဉ်ထားရှိပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက်(တစ်စီးလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ စိတ်လက်အေးချမ်းပျော်ရွှင်စွာရထားစီးပြီး အပန်းဖြေသွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၇ ကျောင်းမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် Panda Pack(မေတ္တာအိတ်ထုပ်)များ လှူဒါန်းခြင်းအခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၈**

နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၇ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၄၇၀၉ ဦးတို့အတွက် Panda Pack(မေတ္တာအိတ်ထုပ်)များ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ရတနာမှန်ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်း၌ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ညွှန်ကြားရေးမှူးချုပ်နှင့် China Foundation for Rural Development (CFRD)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရထံမှ ငြိမ်းချမ်းသာယာ ဆုတောင်းပေး ...

ဦးစွာ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရထံမှ ညွှန်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၇ ကျောင်းမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၇၀၉ ဦး၏ ပညာရေးတစ်ကိုယ်ရေသန့်ရှင်းမှု၊နေထိုင်မှုအခြေအနေကို မြှင့်တင်ရန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကိုဖော်ညွှန်းရန်ပြည်သူအချင်းချင်း ဆက်သွယ်မှု ခိုင်မာစေရန်ဆိုသည့် ကောင်းမွန်သော ရည်ရွယ်ချက်များနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံး၊ ကျောင်းသုံးပစ္စည်းနှင့် အခြားအသုံးအဆောင်ပစ္စည်း အမျိုးအစား ၂၀ မျိုး၊အရေအတွက် ၉၂ ခု ပါဝင်သည့် Panda Pack(မေတ္တာအိတ်ထုပ်) ကျောပိုးအိတ် ၄၇၀၉ လုံးကို တရုတ်နိုင်ငံကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း China Foundation For Rural Development(CFRD)၏ မြန်မာနိုင်ငံဆိုင်ရာရုံးက လှူဒါန်းသည့် အခမ်းအနားဖြစ်၍ ကျောင်းသားလူငယ်များအတွက် အကျိုးကျေးဇူးများစွာရရှိစေသည့် အခမ်းအနားတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Chin Foundation for Rural Development (CFRD)မှ Country Director Ms.Lin Yuan က လှူဒါန်းမှုနှင့်စပ်လျဉ်း၍ Panda Pack (မေတ္တာအိတ်ထုပ်) စီမံချက်ကိုအကောင်အထည်ဖော်ခြင်းသည် တရုတ်လူမျိုးတို့၏ ခင်မင်ရင်းနှီးမှုစိတ်ဓာတ်ကို ဆက်လက်ဖော်ဆောင်ပြီး တရုတ်-မြန်မာလူမျိုးများကြား ပိုမိုနီးကပ်သောဆက်ဆံရေးကိုတည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်မှုဖြစ်ပါကြောင်း၊ ယခုအမှတ်တံဆိပ်ဖြစ်သော Panda Pack(မေတ္တာအိတ်ထုပ်) စီမံကိန်းကို ၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ပထမဆုံး စတင်လုပ်ဆောင်ခဲ့ပြီး မိတ်ဆက်ခဲ့ပါကြောင်း၊ ယခုအချိန်ထိ CFRD မြန်မာနိုင်ငံရုံးသည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုတွင် မေတ္တာအိတ်ထုပ် ၅၀၀၀၀၀ နီးပါးကို ထောက်ပံ့လှူဒါန်းထားပြီး ကျောင်းသားကျောင်းသူနှင့် မိသားစု ၅၀၀၀၀၀ နီးပါးအား အကျိုးခံစားခွင့်ရရှိစေခဲ့ပါကြောင်း။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင်များက သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် ကျောင်းသား၊ကျောင်းသူများကို Panda Pack (မေတ္တာအိတ်ထုပ်)များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက China Foundation for Rural Development(CFRD)မှ Country Director Ms.Lin Yuan အား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိဿရိယက အနုမောဒနာတရားမိန့်ကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင်များက ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






**စာမျက်နှာ ၁၉ မှအဆက်**

ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ဂန္ဓာတောခြေ"(ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှန်ရဝေ"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ဂန္ဓာတောင်"(ဘွဲ့)သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲကိုသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့်အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိဘုန်းတော်"(ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ထွေထွေဆန်းဆန်း"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆဒ္ဒန်အိုင်သာ"(သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆဒ္ဒန်အိုင်သာ"(သီချင်းခံ) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ဘုရားအလောင်းယုန်မင်း ဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့်ဇာတ်တော်ကြီး၏အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည်ပြသဟောပြောယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "ပညာရွှေအိုး"ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုမိုးပြည့်မြင့်မိုရ်ရုပ်စုံအဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "မဟော်သဓာ"ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုစစ်ကိုင်းတိုင်းဒေသကြီး မဟော်သဓာဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟော်သဓာဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကိုမြန်မာ့ဇာတ်သဘင်၏ဆိုငိုပြောပညာရပ်များ၊အကအလှများနှင့်အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။




ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊တိုင်းဒေသကြီးနှင့်ပြည်နယ်များမှတိုင်းရင်းသားရေးရာဝန်ကြီးများ၊လူမှုရေးဝန်ကြီးများ၊ဥပဒေချုပ်များ၊တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးကြသည်။

(၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အတီးပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း(စောင်း၊စန္ဒရား၊ပတ္တလား၊တယော၊မယ်ဒလင်၊ဂီတာ၊ဒုံမင်း၊နှဲ၊ပလွေ၊ဆိုင်း)တို့ကို မဲကျရာသီချင်းများဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။အိုးစည်၊ဒိုးပတ်နှင့်ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲများ၌ သတ်မှတ်ပြိုင်ပွဲဝင်ဦးရေအတိုင်း သတ်မှတ်အချိန်ကာလအတွင်း သတ်မှတ်ထားသည့် အစီအစဉ်များအတိုင်း ပါဝင်ယှဉ်ပြိုင်ကြရသည်။ယခုနှစ်၌အိုးစည်၊ဒိုးပတ်ပြိုင်ပွဲများကိုဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ၂၀ နှစ်အတွင်း)တို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိကြပြီး ကျန်အတီးပြိုင်ပွဲများကို အဆင့်အားလုံးကပါဝင်ယှဉ်ပြိုင်နိုင်ရန်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် မကွေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဇာပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး မြိတ်မြို့ ပြည်သူ့ဆေးရုံ၌ ဇာပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး တာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများကို လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေဇေယျာသီရိမြို့နယ်၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၉ မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ဆေးရုံးဝင်း အတွင်း၊အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင် ပိုးမွှားများ ပေါက်ဖွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၈**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေတပ်နယ်ရှိ မေယုဝတီခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီး၌လည်း တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ၂၀၂၃-၂၀၂၄ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲတွင် အမှာစကား ပြောကြားစဉ်။



# ကလေးမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



**နေပြည်တော် အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကံပုလဲကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၈၆ ဦးတို့ကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရိုးအကြောရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မှန်ကင်းပဋ္ဌာတာရုံကျောင်းတိုက်ရှိ သံဃာတော် ၁၃၈ ပါး၊ သာသနာနွယ်ဝင်သီလရှင် ၁၅ ပါးနှင့် ဒေသခံပြည်သူ ဦးရေ ၄၀ တို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချိုစစ်ဆေးခြင်း၊ သွေးအုပ်စုစစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားကြီး၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းလောင်းလှူပွဲပြုလုပ်



ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ထံမှ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် မဟာမြတ်မုနိဘုရားကြီး၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာမြတ်မုနိဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အရုဏ်ဆွမ်း၊ ရွှေသင်္ကန်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆွမ်းလောင်းလှူပွဲသို့ ကြွရောက်လာကြသည့် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင် စုစုပေါင်း ၂၉၅ ပါးတို့ကို ဆွမ်းတော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြသည်။ ထို့နောက် ဝါတွင်းကာလ ဆွမ်းလောင်းလှူပွဲ ပိတ်ပွဲနှင့် ရေစက်ချမင်္ဂလာကို ဆက်လက်ပြုလုပ်ရာ ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ သံဃာတော်များအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် ကျိုင်းယင်းကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

## အောက်တိုဘာ ၂၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်- ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၇ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၂၆၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ဝ၄ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ရက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားအပေါင်းသည် ငြိမ်းချမ်းစွာ နေထိုင်လိုကြသူများဖြစ်ကြသည်။

၂။ ယခုအခါ နိုင်ငံတော်၏ အေးချမ်းသာယာရေးကို မလိုလားကြသော လက်နက်ကိုင်သောင်းကျန်းသူအဖျက်သမားများက ၂၇-၁၀-၂၀၂၃ သောကြာနေ့ နံနက်မှစ၍ မြို့ပြအိုးအိမ်များကို ဖျက်ဆီးခြင်း၊ ပြည်သူပိုင်တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ပြည်သူပိုင်လမ်းများကို ဖျက်စီးစေပြီး သွားလာရေးခက်ခဲအောင်ပြုလုပ်ခြင်း၊ အပြစ်မဲ့ပြည်သူများကို ခေါ်ဆောင်သွားခြင်းများနှင့် နိုင်ငံဝန်ထမ်းများကို ရက်စက်စွာ သတ်ဖြတ်ခြင်းနှင့် တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရပါသည်။

၃။ ထိုသို့ နိုင်ငံတော်နှင့်နိုင်ငံသားတို့ အကျိုးယုတ်စေသည့် အဖျက်လုပ်ရပ်များ လုပ်ဆောင်ခြင်းအပေါ် မိမိတို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “NaingNyi-NyiAung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်နေ နိုင်ညီညီအောင်(ခ)ဂျာကြီးကို ညနေ ၃ နာရီခွဲတွင်လည်းကောင်း၊ “Si Thu Bo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်မြေသာစံမြို့နယ် အမရဌာနီအရှေ့ရပ်ကွက်နေ စည်သူဗိုလ်(ခ)စည်သူနှင့် “U Si” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မီမီလွင်(ခ)မမီတို့ နှစ်ဦးကို ညနေ ၄ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Phaung Phaung”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်နေ အေးမိုမိုအောင်(ခ)ဖောင်းဖောင်းကို ညနေ ၄ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ တိုင်းဒေသကြီး၊ ပြည်နယ် ၁၃ ခု၊ မြို့နယ်ပေါင်း ၂၁၄ မြို့နယ်တို့တွင် ဆောင်ရွက်သွားမည်





**နေပြည်တော် အောက်တိုဘာ ၂၈**

သားငါး ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆိုင်ရာ စီမံကိန်းများ ချမှတ်ဆောင်ရွက်ရာတွင် အခြေခံစာရင်းဇယား ကိန်းဂဏန်းများ မှန်ကန်စေရန်အတွက် နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဗဟိုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး ဆက်စပ်ဌာနများမှကော်မတီဝင်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး က ၂၀၁၈ ခုနှစ် နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း (National Livestock Baseline Survey)ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနအသီးသီး၏ ပူးပေါင်းမှုဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် နောက်ပိုင်းတွင်ပြောင်းလဲနေသည့် မွေးမြူရေး တိရစ္ဆာန်ကောင်ရေများကို မှန်းဆနိုင်ရန် နှစ်စဉ်ကြားဖြတ် ကောင်ရေစာရင်းများကို ကောက်ယူခဲ့ပြီး ယခုနှစ်တွင်နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို ဒုတိယအကြိမ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ် ၁၃ ခု၊ မြို့နယ်ပေါင်း ၂၁၄ မြို့နယ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စာရင်းကောက်ကာလကို နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်နိုင်ရန် လုပ်ငန်းစီမံချက် ရေးဆွဲထားရှိပြီး ဗဟိုအဆင့်ကော်မတီ၊ တိုင်းဒေသကြီး၊ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်အဆင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိပြီးဖြစ်၍ လုပ်ငန်းများ အောင်မြင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီ အတွင်းရေးမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပထမအကြိမ်အစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက်များအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးညှိနှိုင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁၀-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၂၀ | ၂၁၀၀ | ၂၁၉၅ | ၂၂၁၀ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၅ | ၂၃၈၅ | ၂၈၆၀ |
| 95 Ron | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၆၅ | ၂၂၀၅ | ၂၂၃၀ | ၂၂၁၅ | ၂၁၉၀ | ၂၂၉၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၄၅ | ၂၄၇၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၃၀၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၂၀ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၄၆၅ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၅၇၀ | ၂၅၆၅ | ၂၄၆၀ | ၂၄၇၀ | ၂၅၀၅ | ၂၅၀၅ | ၂၅၁၀ | ၂၇၃၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၄၂၅ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၄၇၀ | ၂၄၉၅ | ၂၄၉၀ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၆၅ | ၂၄၇၅ | ၂၅၁၀ | ၂၅၁၀ | ၂၅၁၅ | ၂၇၄၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၃ |
| 95 Ron | ၂၀၅၀ | ၂၁၂၅ |
| HSD (500 ppm) | ၂၁၉၆ | ၂၂၆၉ |
| HSD (50 ppm) | ၂၃၀၃ | ၂၃၇၉ |
| HSD (10 ppm) | ၂၃၀၉ | ၂၃၈၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# စိန်ရောင်လက်တဲ့ ချေးစက်များ

နေထူး



(၁)

ငမျိုးတစ်ယောက် ယောင်တိယောင်ပေဖြင့် ရပ်ကွက်ထဲတွင် လတ်လျားလတ်လျား လုပ်နေသည်မှာ အတော်ကြာနေပြီဖြစ်သည်။ သူ၏သူငယ်ချင်းများရော သူ့သူငယ်ချင်း၏ညီများပါ အလုပ်လေးများကိုယ်စီဖြင့် ရှန်းကန်နေကြသော်လည်း ငမျိုးကတော့ အရင်းအနှီးမရှိဟု ဆိုသည့်အကြောင်းပြချက်ဖြင့် ဝေလေလေဖြစ်နေခဲ့သည်မှာ နှစ်အတော်ပင်ကြာခဲ့ပြီဖြစ်သည်။

ငမျိုးလည်း လခစားဝန်ထမ်းအလုပ်ကို စိတ်မပါသကဲ့သို့ တော်ရုံအရင်းအနှီးသေးသေးလေးဖြင့်လည်း လုပ်ငန်းတစ်ခုကို မတည်ထောင်လိုသူဖြစ်သည်။ သည်လိုနှင့် ဟိုလိုလိုသည်လိုလိုနေလာသည်မှာ နှစ်များကြာလာတော့ အလုပ်တစ်ခုကို စလုပ်ရန် မဝံ့မရဲဖြစ်နေပေတော့သည်။

(၂)

တစ်ရက် ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်တစ်ခွက်မှာပြီး ဆိုင်မှဝိုင်ဖိုင်သုံးနေစဉ် အဖေ့မိတ်ဆွေ ဦးညွန့်နိုင်က ငမျိုးနားလာထိုင်ပြီး "ငမျိုးကြီး ဘာတွေလုပ်နေလဲဟ"ဟုစကားဆိုလာသည်။

ငမျိုးလည်း ဖုန်းသုံးနေရာမှခဏရပ်ပြီး "ဘာလုပ်လို့ ဘာကိုင်ရမှန်းကိုမသိပါဘူး ဦးညွန့်ရာ"ဟု ကွမ်းချိုးကပ်နေသည့် သွားအဖြဲသားဖြင့် ဖြေလိုက်သည်။

ဦးညွန့်နိုင်က ခေါင်းကိုယမ်းလိုက်ပြီး "ငါ့တူရေ မားဆိုတာက သွေးမှထက်သလို လူဆိုတာက အလုပ်တစ်ခုလုပ်နေမှ လုပ်ငန်းတွေက ဆက်စပ်မိလာမှာကွ။ အလကားနေတော့ အလကားလူဖြစ်နေမှာပေါ့"ဟုဆိုသည်။

ငမျိုးက သူ၏ခေါင်းကို တဗျင်းဗျင်းကုတ်လိုက်ပြီး "ကျွန်တော်လဲ အလုပ်တစ်ခုလုပ်ချင်လို့ အဖေနဲ့အမေကို အရင်းအနှီးလေးရှာပေးပါဆိုတာ ရှာမှမပေးတာ ဦးညွန့်ရဲ့။ အခုခေတ်က နှစ်ပြားတစ်ကျပ်နဲ့တော့ ဘာမှလုပ်လို့မရလို့ ငြိမ်နေရတာပေါ့"ဟု ဖြေလိုက်သည်။

"ဟ ငါ့တူရ မင်းအဖေကပင်စင်စား၊ အမေကမှီခို။ အခု မင်းတို့နေတဲ့ အိမ်နဲ့ခြံလေးတောင် မင်းအဖေပင်စင်လေးနဲ့ စုဆောင်းပြီးဝယ်ထားရတာလေ။ မင်းကိုဘယ်လိုလုပ် အရင်းအနှီးထုတ်ပေးစရာရှိမှာလဲဟ။ မင်းကွာ ဆိုင်ကယ်လေးတစ်စီးဝယ်ပြီး ကယ်ရီလေးပဲ ဆွဲပါတော့လား။ အလကားနေ အလကားပေါ့"

"ဟာ ဦးညွန့်ကလဲ ဆိုင်ကယ်ကယ်ရီတွေဒီလောက်များနေတာ အရင်းပြုတ်သွားမှာပေါ့"ဟု ငမျိုးက ခွန်းတုံ့ပြန်သည်။

ဦးညွန့်နိုင်က ငမျိုး၏အဖြေကိုကြားပြီး ခေါင်းညိတ်နေလိုက်ကာ "ဒါဆိုလဲကွာ လခစားအလုပ်လေးတစ်ခုလုပ်ပြီး အားတဲ့ရက်လေးမှာ သင်တန်းလေးဘာလေးတက်ပြီး နိုင်ငံခြားထွက်ပါလားကွာ"

"ထွက်ချင်တာပေါ့ ဦးညွန့်ရဲ့။ ကျွန်တော်က ဂျပန်ကိုသွားချင်တာ။ သင်တန်းတက်ဖို့ရာနဲ့ သွားလာဖို့စရိတ်ကို အိမ်ကမတတ်နိုင်လို့လေ"

"အင်း ငါ့တူ ဦးလေးက ဟိုးအရင် မင်းတို့အရွယ်က ဆိုက်ကားနင်းခဲ့တာကွ။ နောက်တော့ ပိုက်ဆံစုကာ ကားမောင်းသင်ပြီး တက္ကစီဆွဲစားတယ်။ အဲဒီကမှ ရလာတာလေးကို စုစုဆောင်းဆောင်းလုပ်လာခဲ့လို့ ကားပိုင်၊ ခြံပိုင်ဖြစ်လာတာကွ။ အခုကျတော့ အသက်လေးက ထောက်လာတော့ ကားလေးကိုပြန်ရောင်းလိုက်ပြီး ခြံလေးဝယ် အဆောင်ဆောက် ငှားစားနေတာ။ ဘယ်လိုပဲဖြစ်ဖြစ် အလုပ်တစ်ခုတော့လုပ်ဟ။ ဘယ်အလုပ်မှ ဂုဏ်ငယ်တယ်မရှိဘူး။ ဦးလေးတို့ခေတ်ကဆိုဦးက ဆယ်တန်းအောင်နဲ့ ဆိုက်ကားနင်းလို့ အချို့က ကဲ့ရဲ့ကြသေးတယ်ကွ။ ဦးရဲ့ခံယူချက်က ငါ ဆိုက်ကားကို တစ်သက်လုံးနင်းစားမှာမဟုတ်ဘူး။ သစ်မရခင် ဝါးကူဆိုသလိုပဲ အခိုက်အတန့်ပဲလုပ်မှာဆိုတဲ့ ခံယူချက်နဲ့ လုပ်ခဲ့တာ"ဟုပြောပြီး ကော်ဖီခွက်လက်ကျန်လေးကို မော့လိုက်သည်။

ငမျိုးကတော့ ခေါင်းကြီးအောက်စိုက်ပြီး တွေတွေကြီးလုပ်နေတော့သည်။

"မင်း ဟိုမှာတွေ့လား သံတိုသံစဝယ်တဲ့သူ။ သူ့ရဲ့အရင်းက ဘယ်လောက်လို့မင်းထင်လဲ။ အရင်းအနှီးနည်းနည်းနဲ့ အမှိုက်ထဲက ရွှေရှာနေတာမောင်။ လျှော့မတွက်နဲ့ဟ။ ပြီးတော့ ဟိုနားက အရက်အေးဂျင့်ဆိုင်ရှေ့က ဇယားကြော်ရောင်းတဲ့သူတွေ့လား၊ သူ့ရဲ့အရင်းကကော ဘယ်လောက်ရှိမယ်လို့ထင်လဲ။ လွန်ရောကျွန်ရောရှိ သောင်းကြီးပိုင်းပဲကွ။ သူတို့ရဲ့ဝင်ငွေကိုသွားမေးကြည့်ရင် တော်ရုံသန့်သန့်ပြန့်ပြန့် ဝတ်စားပြီး ရုံးတက်နေသူတွေထက် အပုံကြီးသာတယ်မောင်။ သူများလို ဟိုကြောက်ရ ဒီကြောက်ရလဲမရှိဘူး။ အိမ်ကနေ နေစောင်းမှထွက်လာ အေးဂျင့်ဆိုင်ရှေ့ရောက်မှ မီးလေးမွှေးပြီး လုပ်ငန်းစရုံပဲ။ ဆိုင်ခန်းတွေဘာတွေလဲ ငှားစရာမလိုဘူးကွာ။ မင်းကြည့်စမ်း"ဟု လေးလေးနက်နက်စကားဆိုသည်။

ငမျိုးတစ်ယောက် သူကိုယ်သူ ဘာဖြစ်ချင်လို့ဖြစ်ချင်နေမှန်းမသိဘဲ မရနိုင်သည့်အရင်းအနှီးကိုတောင့်တပြီး ဝေလေလေဖြစ်နေသည်ကို ပထမဆုံးအကြိမ်အဖြစ် ရှက်ရွံ့သွားမိသည်။

"ပြီးတော့ မင်းကို ဦးတစ်ခုပြောမယ်။ မင်းတို့လူငယ်တွေ ထစ်ခနဲရှိ သင်တန်းတက်မယ် ဘာညာနဲ့။ အိမ်တွေကို နားပူနားဆာ လုပ်တတ်ကြသေးတယ်။ အေး သင်တန်းတက်တာ ကောင်းတဲ့ရည်ရွယ်ချက်ပါ။ ဒါပေမဲ့ ရောသောကောသော မလုပ်ကြနဲ့ကွ။ ထားကွာ အခုခေတ် ဖုန်းပြင်သင်တန်းတက်မယ်။ တက်ပါကောင်းတယ်။ ဒါပေမဲ့ သေသေချာချာမလေ့လာကြဘူး။ သင်တန်းဆင်းလက်မှတ်လေးကိုင်ပြီး အလုပ်လျှောက်ဖို့ပဲ တွေးတောတတ်ကြတယ်။ သေသေချာချာ ဂယနနလေ့လာပြီး ကိုယ်တိုင်ကကျွမ်းကျင်အောင်လုပ်ပြီး ဆိုင်ဖွင့်စားလို့ရတယ်ကွာ။ အဲဒီကတစ်ဆင့် သင်တန်းပြန်ဖွင့်စားလို့ရတယ်။ အဲဒီလိုတွေးပြီး လုပ်ကြစမ်းပါ။ သင်တန်းတွေစုံအောင်တက်။ ဖြစ်ဖြစ်မြောက်မြောက်ကျမတတ်ကြဘဲ မြောက်ကြွမြောက်ကြွလုပ်ပြီး ဝိုမဟုတ်၊ ပက်မဟုတ်တွေဖြစ်ကုန်ကြကော။ ဂျပန်စာ၊ တရုတ်စာ၊ ကိုရီးယားစာတွေသင်ပြီးလဲ အဲဒီလိုပဲ။ သင်တန်းလေးတက်ထားပြီး ဘာအလုပ်မှမလုပ်ချင်တော့ဘူး။ နိုင်ငံခြားထွက်ဖို့ကိုပဲ ထိုင်စောင့်နေကြကော။ သင်ကြပါဟ ပေါက်ပေါက်ရောက်ရောက်။ ကိုယ်ကိုယ်တိုင်ကကျွမ်းကျင်နေပြီဆို သင်တန်းဖွင့်စားပြီး ဒူးနန့်နေလို့ရသေးတယ်။ လုပ်ကြပါဟ၊ ဆရာကြီးပီမိုးနင်းပြောသလို ကြီးကြီးကျယ်ကျယ် ကြံကြစမ်းပါ။ အတွေးစိတ်ကူးတွေထဲကနေ လက်တွေ့ဘဝထဲကိုထွက်ပြီး ကိုယ်ဖြစ်ချင်တာကို ရအောင်ကြံ၊ ရည်မှန်းထားတဲ့ပန်းတိုင်ကို ရောက်အောင်သွားစမ်းပါ ငါ့တူကြီးရဲ့"ဟုပြောပြီး ငမျိုးပခုံးကို ခပ်ဆတ်ဆတ်လေးပုတ်ပြီး လက်ဖက်ရည်ဖိုး ရှင်းနေတော့သည်။

"ပြောဖို့တစ်ခုလိုသွားတယ်ကွ၊ ဘာအလုပ်ပဲလုပ်လုပ်၊ ဘာပညာပဲလေ့လာလေ့လာ အောက်ခြေကနေစပြီး ပိုင်ပိုင်နိုင်နိုင်လေ့လာ ပေါက်ပေါက်မြောက်မြောက်ဖြစ်အောင်ကြိုးစားကွ"ဟု ပြောကာ ထွက်သွားတော့သည်။

ငမျိုးတစ်ယောက် ဦးညွန့်နိုင်၏တရားကိုနာလိုက်ရပြီး လုပ်ချင်ကိုင်ချင်စိတ်များ တဖွားဖွားပေါ်လာသည်။ သူ၏မြင်ကွင်းထဲက သံတိုသံစအဝယ်ဒိုင်လေးရယ်၊ လက်ကလေးနှင့်ဆွဲပြီးရောင်းသည့် ဇယားကြော်သည်တို့ကိုကြည့်ပြီး အရင်းအနှီးနည်းနည်းဖြင့် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ရန် လုပ်ငန်းအများကြီးရှိပါလားဆိုသည့် အသိတစ်ခုကိုရလိုက်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်ဟန်ဖြင့် ထွက်ခွာသွားတော့သည်။

(၃)

ငမျိုးတစ်ယောက် သူတို့အိမ်ဘေးနားက ခြံကွက်အလွတ်တစ်ခုကို ပိုင်ရှင်ထံမှ ခွင့်ပြုချက်တောင်းကာ စိုက်ပျိုးရေးလုပ်တော့သည်။ ပထမကတော့ ရာသီပေါ်ချဉ်ပေါင်၊ ကန်စွန်းလေးများစိုက်ပြီး တဖြည်းဖြည်းနှင့် သခွားသီး၊ ခရမ်းသီး၊ ပဲသီးတို့ကို စုံနေအောင်စိုက်တော့သည်။ ယခုနောက်ပိုင်း အွန်လိုင်းပေါ်က စိုက်ပျိုးသူများ ဂရုတွေထဲဝင်ကာ ကောက်ရိုးမှိုပါ တွဲစိုက်တော့သည်။ ပထမကတော့ သိပ်အဆင်မပြေလှသော်လည်း တဖြည်းဖြည်းနှင့် စိုက်နည်း၊ ထိန်းသိမ်းနည်းများက တိုးတက်ပြီး အောင်မြင်မှုလေးများရလာခဲ့တော့သည်။ မှိုစိုက်ပျိုးရေးက ရက်တိုတိုနှင့် ငွေပေါ်သဖြင့် အဆင်ပြေသည်ဆိုရမည်။

တစ်ဖက်က ခြံစိုက်ပျိုးရေးလေးလုပ်နေပြီး အားလပ်ချိန်လေးတွင် ဂျပန်စကားပြောသင်တန်းလည်း တက်ထားလိုက်သေးသည်။ ယခင်အချိန် ဦးညွန့်နိုင်နှင့်မဆုံခင်က ဘာအလုပ်မျှမလုပ်တော့ ဘာဝင်ငွေမျှမရှိဘဲ ကိုယ့်ခွန်ကိုယ့်အားနှင့် အကြံဉာဏ်ကိုအသုံးမပြုဘဲ အရင်းအနှီးထုတ်မပေးနိုင်ရကောင်းလားဆိုပြီး မပြေလည်လှသည့် အဖေနှင့်အမေကို ငြိုငြင်ပြစ်တင်နေခဲ့မိသည်များကို နောင်တရမိနေတော့သည်။ တကယ်တမ်း ကိုယ်လျှောက်ချင်သည့်လမ်းအတွက် ကိုယ်တိုင်ဖောက်ပြီး လျှောက်၍ရနိုင်သည်ကို မေ့လျော့နေမိသည်။

(၄)

သူ့ခြံကထွက်သည့် ခြံထွက်လေးများကို ယူပြီး ရောင်းတဲ့သုံးဘီးဆရာက ခြေနှစ်ချောင်းစလုံးက တိုနေသူဖြစ်သော်လည်း သုံးဘီးဆိုင်ကယ်ကို ကျွမ်းကျင်နိုင်နင်းစွာ မောင်းနှင်ပြုပြင်နိုင်ရုံသာမက လျှပ်စစ်ပစ္စည်းအတော်များများကိုပင် ပြုပြင်နိုင်သူဖြစ်၍ သူ့ကိုယ်သူပင် ရှက်ရွံ့သိမ်ငယ်သကဲ့သို့ ခံစားရမိသေးတော့သည်။ မသန်စွမ်းဖြစ်နေသူတစ်ဦးက အလုပ်နှင့်လက်မပြတ်အောင်လုပ်နေ၍ "ဆရာကြီးကြိုးစားလှချေလား"လို့မေးလိုက်တော့ သုံးဘီးဈေးသည်လေးက အပြုံးကလေးဖြင့်ပြန်ဖြေသည်။

"ကျွန်တော်တို့ မသန်စွမ်းတွေက အစ်ကိုတို့လို လူကောင်းတွေထက် နှစ်ဆကြိုးစားမှ တန်ကာကျမယ်။ ဘာလို့လဲဆိုတော့ မသန်ပါဘူးဆို အိုမင်းလာလို့မစွမ်းတော့ရင် လူကောင်းတွေထက် ပိုခက်ခဲမှာမို့လို့လေ။ ဟိုသီချင်းစာသားလေးကို ကြားဖူးတယ်မလား "ကျသောချေးစက် စိန်ရောင်လက်ဆိုတာလေ" အခုကျနေတဲ့ ချေးစက်တွေက အနာဂတ်အတွက်တော့ စိန်ရောင်လက်နေမှာလေ"တဲ့။

ငမျိုးတစ်ယောက် မသန်စွမ်းသုံးဘီးဈေးသည်လေး၏စကားကို သဘောကျလွန်း၍ သံယောင်လိုက်ပြီး ရေရွတ်နေမိတော့သည်။

"ကျသောချေးစက် စိန်ရောင်လက်။ ကျသောချေးစက် စိန်ရောင်လက်"တဲ့။

ဟုတ်ပါ၏။ သုံးဘီးဈေးသည်လေး၏စကားကို ကြားလိုက်ရတော့မှ သူဖတ်ခဲ့ဖူးသည့် စာလေးတစ်ပိုဒ်ကို သတိရမိလိုက်ပြန်တော့သည်။

"ငယ်စဉ်က မကျလိုက်ရတဲ့ ချေးစက်တွေက အသက်ကြီးလာတဲ့အချိန်မှာ မျက်ရည်တွေအဖြစ် ပြောင်းလဲသွားနိုင်သည်"တဲ့။

ငမျိုးတစ်ယောက် သူ၏နဖူးပြင်တွင် ရစ်သိုင်းနေသည့် ချေးစက်ကလေးများကို လက်ခုံဖြင့်သုတ်ပြီး နေရောင်တွင် ထောင်ကြည့်လိုက်သောအခါ သူ၏ချေးစက်လေးများက တလက်လက်နှင့် စိန်ရောင်အလား တောက်ပနေသည်ကို အံ့အားသင့်ဖွယ် တွေ့လိုက်ရပေတော့သည်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၂၄၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၂၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၃၂၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြေပဲ ၉၂၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာဆိုရင် မိုးမြေပဲဧက ၉၃၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ အခု ဧက ၉၂၀၀ ကျော်ထိ စိုက်ပျိုးပြီးပါပြီ။ ဆီထွက်သီးနှံ မြေပဲကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မြေပဲကို ၂၀၂၂ ခုနှစ် မေလမှ စတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၉၂၃၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးမြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# စလင်းမြို့နယ် စေသူ့ရှင်ကုန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စလင်း အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် စေသူ့ရှင်ကုန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်စုစန္ဒာနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စေသူ့ရှင်ကုန်းကျေးရွာတွင်းလမ်း အရှည်ပေ ၃၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (နည်းပညာ)က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လုပ်ငန်းများအားလုံး သတ်မှတ်ထားသော စံနှုန်းများ



အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးငွေကျပ် ၁၅ သန်းနှင့် ကျေးလက်နေ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၃၇၀၅ သန်းဖြင့် စေသူ့ရှင်ကုန်းကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဌာနမှအင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက စေသူ့ရှင်ကုန်းကျေးရွာရှိ အိမ်ခြေ ၉၈ အိမ်၊ လူ ၃၈၉ ဦးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အထွေး**

# အင်္ဂပူမြို့နယ် လူးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ လူးကြီးကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၀ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လူးကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၂၀ ဒသမ ၉၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၂ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ ၄၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို ငွေကျပ် ၃၀ ဒသမ ၅ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

## နှောင်းဝသန်မှာ

\- မုတ်သုံနှုတ်ဆက်
ရာသီစက်
မပျက်လည်ခဲ့ပြီ။

\- နှောင်းဝသန်မိုး
သွန်းကာဖြိုး
ရေတိုးပတ်ပတ်လည်။

\- ရင်းမာပွင့်တုံး
ကြာနှံ့ဖုံး
ကန်လုံးလှိုင်တော့မည်။

\- မိုးဆွေငှက်လေး
ပျံထွက်ပြေး
အဝေးရပ်သို့ချီ။

\- ဆောင်းခိုတဲ့ငှက်
တောင်ပံသွက်
ဆက်ဆက်လာခဲ့ပြီ။

\- စိမ်းမြလယ်ကွင်း
စပါးခင်း
နှံသွင်းယှက်ခဲ့ပြီ။

\- ပဲမျိုးစုံပွင့်
ခါမလင့်
သီးဆင့်ဝင့်တော့မည်။

\- ဝါကျွတ်ချိန်နီး
ထွန်းဆီမီး
ထိန်ညီးပြောင်တော့မည်။

\- သည်ချိန်သည်ခါ
ပြည်မြန်မာ
စဉ်လာကောင်းတို့ ခညောင်းပြီ။ ။

**မန်းတင့်မော်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# သဘာဝပတ်ဝန်းကျင်အတွက် အဖိုးတန်လှသောသစ်ပင်သစ်တော

မေခင်ထွန်း



သစ်ပင်များသည် အောက်ဆီဂျင်ကိုပံ့ပိုးပေးခြင်း၊ လေထုအရည်အသွေးကို ပိုမိုကောင်းမွန်စေခြင်း၊ ရာသီဥတုသာယာစေခြင်း၊ ရေကိုထိန်းသိမ်းပေးခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်းနှင့် တောရိုင်းတိရစ္ဆာန်များအတွက် အစားအစာနှင့် နေစရာများကို ပံ့ပိုးပေးခြင်းစသည်တို့ဖြင့် ပတ်ဝန်းကျင်ကိုအကျိုးပြုပြီး သစ်ပင်များ၏ Photosynthesis ဖြစ်စဉ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူကာ အောက်ဆီဂျင်ကို ပြန်ထုတ်ပေးသည်။

ယနေ့ တစ်ကမ္ဘာလုံးတွင် ရင်ဆိုင်နေကြရသည့် အဓိကပြဿနာများမှာ ရာသီဥတုဖောက်ပြန်ခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်းတို့ဖြစ်သည်။ ကမ္ဘာ့လေထုတွင် အလွှာငါးလွှာရှိပြီး ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် ဖန်လုံအိမ်ဓာတ်ငွေ့များသည် နေမှလာသောအပူကိုစုပ်ယူပြီး ထိုအလွှာငါးလွှာအနက် ပထမအလွှာထဲ၌ ထိန်းသိမ်းကာ ညအချိန်တွင် သတ္တဝါများအအေးဒဏ်မခံရစေရေး ကမ္ဘာကြီးကို နွေးထွေးမှုရှိစေရန်အပူပေးရာ၌ စုပ်ယူထားသည့် ထိုအပူဓာတ်များကို ပြန်လည်အသုံးပြုဆောင်ရွက်ပေးသည်။ အကယ်၍ ထိုဖန်လုံအိမ်ဓာတ်ငွေ့များသာမရှိခဲ့လျှင် ညအချိန်တွင် ကမ္ဘာ့အပူချိန်သည် သုညဒီဂရီအောက်ထိကျဆင်းသွားမည်ဖြစ်ပြီး ထိုသို့ အေးလွန်းလှသောအအေးဒဏ်ကို မည်သည့်သတ္တဝါကမျှ ခံနိုင်ရည်ရှိမည်မဟုတ်သည့်အတွက် ကမ္ဘာကြီးကို အနွေးဓာတ်ပေးသောဖန်လုံအိမ်ဓာတ်ငွေ့များသည် ဆိုးကျိုးပေးသည်ဟုမဆိုနိုင်ပေ။ သို့သော်လည်း ဖန်လုံအိမ်ဓာတ်ငွေ့များသည် ရှိသင့်ရှိထိုက်သောပမာဏထက်ကျော်လွန်သွားပါက "တန်ဆေး၊ လွန်ဘေး"ဆိုသကဲ့သို့ ကမ္ဘာမြေကို အဆိပ်သင့်ညစ်ညမ်းမှုများဖြစ်စေသည်ကို တွေ့ရသည်။

ယနေ့ကမ္ဘာကြီးတွင် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသည့်အခါ ဖန်လုံအိမ်ဓာတ်ငွေ့များသည် လေထုထဲတွင် ရှိသင့်ရှိထိုက်သည်ထက် နှစ်ဆခန့်ပိုများလာသည်ကို တွေ့ရသည်။ ထိုအခါ ဖန်လုံအိမ်ဓာတ်ငွေ့ကိုစုပ်ယူပြီး ကမ္ဘာကြီးကို အနွေးဓာတ်ပေးသည့်လုပ်ငန်းစဉ်သည် ကမောက်ကမဖြစ်ကာ အနွေးဓာတ်ကိုကျော်လွန်၍ အပူဓာတ်ပေးသကဲ့သို့ ဖြစ်လာသဖြင့် ကမ္ဘာပေါ်တွင်ရှိသော သက်ရှိများသည် ကမ္ဘာကြီးပူနွေးလာမှုကို တွေ့ကြုံခံစားရတော့သည်။ ထို့ကြောင့် လိုအပ်သည်ထက် နှစ်ဆခန့်များနေသော ဖန်လုံအိမ်ဓာတ်ငွေ့များကို လျှော့ချရမည်ဖြစ်သည်။

ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင်ဖြစ်သော ဖန်လုံအိမ်ဓာတ်ငွေ့များကိုလျှော့ချရန်ဆောင်ရွက်ရာတွင် သစ်ပင်များကသာ အစွမ်းဆောင်နိုင်ဆုံးဖြစ်ပြီး ယနေ့အချိန်ထိ ကာဗွန်ကိုစုပ်ယူနိုင်သည့် ခေတ်မီစက်ကိရိယာဟူ၍ မပေါ်ပေါက်သေးချေ။ ကမ္ဘာ့လေထု၏ အဓိကပြဿနာဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ အဆမတန်များလွန်းခြင်းကိုဖြေရှင်းရန် အလွယ်ကူဆုံးနှင့် ကုန်ကျစရိတ်အသက်သာဆုံးနည်းလမ်းမှာ သစ်ပင်များစိုက်ပျိုးခြင်းပင်ဖြစ်သည်။ သစ်ပင်ဟုဆိုရာတွင် အစိမ်းရောင်ရှိသည့် အသေးငယ်ဆုံးအပင်များမှသည် နှစ်ရာကျော်အသက်ရှည်သည့် သစ်ပင်ကြီးများထိပါဝင်သည်။ သစ်ပင်များသည် လေထုထဲတွင်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူကာ အောက်ဆီဂျင်ကို ပြန်ထုတ်ပေးသည်။ ထို့အတွက်ကြောင့် သစ်ပင်များသည် ကျွန်ုပ်တို့ကမ္ဘာကြီး၏ရာသီဥတုကို ပုံမှန်ဖြစ်နေအောင်ထိန်းသိမ်းရာတွင် အလွန်အရေးပါလှသည်။

သက်တမ်းရင့်သစ်ပင်တစ်ပင်သည် ကာဗွန်ကိုစုပ်ယူကာ အောက်ဆီဂျင်ကို ထုတ်ပေးနိုင်ခြင်း၊ မြေဆီလွှာတိုက်စားခံရခြင်းနှင့် မြေပြိုခြင်းတို့ကို ကာကွယ်ပေးနိုင်ခြင်း၊ မြေဆီလွှာ၏ မြေဩဇာလည်ပတ်မှုကောင်းအောင် စွမ်းဆောင်နိုင်ခြင်း၊ လေထုညစ်ညမ်းခြင်းကို ထိန်းသိမ်းကာကွယ်ပေးခြင်း၊ သက်ရှိသတ္တဝါများ၏ စားကျက်မြေနှင့် နေထိုင်ရာနေရာများ ပေးစွမ်းနိုင်ခြင်း၊ ရေလည်ပတ်မှုကောင်းအောင် စွမ်းဆောင်ပေးနိုင်ခြင်း စသည်တို့ဖြင့် တွက်ချက်ရပေမည်ဖြစ်သည်။ သီးပင်စားပင်များ သီးပွင့်သော သစ်ပင်များသည် အစားအစာ၊ အာဟာရအတွက် အထောက်အပံ့ဖြစ်စေသောကြောင့် အမှန်စင်စစ် တန်ဖိုးရှိလှပေသည်။ သစ်ပင်များ များလာပြီး သစ်တောဖြစ်လာသောအခါ သစ်တောတစ်တော၏ တန်ဖိုးသည် သဘာဝပတ်ဝန်းကျင်အတွက် တန်ဖိုးရှိလာသည်။

ကမ္ဘာဂြိုဟ်ကြီးကို ရေမျက်နှာပြင် ၇၁ ရာခိုင်နှုန်းနှင့် ကုန်းမြေ ၂၉ ရာခိုင်နှုန်းဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ထိုသို့ ဖွဲ့စည်းထားသော ကမ္ဘာမြေမျက်နှာပြင်အားလုံး၏ ၃၀ ရာခိုင်နှုန်းကို သစ်တောများဖြင့် ဖုံးလွှမ်းထားပါသည်။ အဆိုပါသစ်တောများသည် သက်ရှိသတ္တဝါများနားခိုရာနေရာများ၏ ၈၀ ရာခိုင်နှုန်းကို ဖန်တီးပေးနိုင်စွမ်းရှိသည်။

သစ်တောများသည် သဘာဝပတ်ဝန်းကျင်ရှိ လေထုကို သန့်စင်ပေးနိုင်သောအရာများဖြစ်သည်။ သစ်တောများထဲတွင် သာမန်သစ်တောများထက် အပူပိုင်းမိုးသစ်တောများသည် ကာဗွန်ကိုပိုမိုစုပ်ယူပေးနိုင်သည်။ ကမ္ဘာပေါ်ရှိ သစ်တောများက တစ်နှစ်လျှင် ကာဗွန်စုပ်ယူမှုပမာဏသည် မက်ထရစ်တန်ပေါင်း ၄ ဒသမ ၅ ဘီလီယံခန့် စုပ်ယူပေးနိုင်စွမ်းရှိသည်။

စက်မှုလက်မှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည့်အခါ ကမ္ဘာမြေကြီးသည် ယခင်ကထက် တဖြည်းဖြည်းပျက်စီးလာပြီး သဘာဝဘေးအန္တရာယ်များလည်း တစ်နှစ်ပြီးတစ်နှစ် ပိုမိုဆိုးဆိုးရွားရွားတွေ့ကြုံခံစားရမှုများဖြစ်လာသည်။ ထိုသည်များမှာ ရာသီဥတုဖောက်ပြန်မှုနှင့် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်များပင်ဖြစ်ပါသည်။ ထိုသို့ ကမ္ဘာကြီးပူနွေးလာမှုကိုကာကွယ်ရန် တစ်ခုတည်းသောနည်းလမ်းမှာ သစ်ပင်များစိုက်ပျိုးခြင်းပင်ဖြစ်သည်။

သစ်ပင်များသည် ကာဗွန်ကိုသာမက လေထုထဲရှိ ဖုန်မှုန့်အညစ်အကြေးများကို ဖယ်ရှားနိုင်စွမ်းရှိသည်။ ထို့ပြင် လေ့လာမှုများအရ သစ်ပင်များမရှိသောအရပ်ဒေသတွင် နေထိုင်သူများ၌ နှလုံးရောဂါဆိုင်ရာရောဂါများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ပိုမိုခံစားရကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သက်ရှိများလိုအပ်သောအောက်ဆီဂျင်ကို ထောက်ပံ့ပေးနေသည့် သစ်ပင်များကို "Lungs of the Planet" ကမ္ဘာမြေကြီး၏အဆုတ်ဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။

လူသားများ၏နေထိုင်မှုပုံစံများ မြင့်မားလာသည့်အခါ ယခင်ကထက် ရုပ်ကြွင်းလောင်စာများ လိုအပ်လာသည်။ သာဓကအားဖြင့် မော်တော်ယာဉ်များပေါ်လာသည့်အတွက် သွားလာရလွယ်ကူသက်သာလာသော်လည်း ရုပ်ကြွင်းလောင်စာများအသုံးပြုသွားလာရခြင်း၊ လျှပ်စစ်ဓာတ်အားများ ယခင်ကထက် ပိုမိုလိုအပ်သဖြင့် ရုပ်ကြွင်းလောင်စာများ ပိုမိုအသုံးပြုလာခြင်း အစရှိသည်တို့ဖြစ်သည်။ ရုပ်ကြွင်းလောင်စာများလောင်ကျွမ်းသည့်အခါ လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်များကို ရောက်ရှိသွားစေပြီး ရာသီဥတုပြောင်းလဲမှုများကို ဖြစ်စေနိုင်ပါသည်။ သို့သော်လည်း သစ်ပင်များစိုက်ပျိုးခြင်းသည် ထိုဖြစ်စဉ်များကို လျော့ကျစေနိုင်ပြီး သစ်ပင်တစ်ပင်သည် တစ်နှစ်ကို ၄၈ ပေါင်ပမာဏရှိသည့် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူနိုင်သည့်အတွက် သက်တမ်းရင့်သစ်ပင်တစ်ပင်သည် တစ်နှစ်လျှင် ကာဗွန်တစ်တန်နှုန်းဖြင့် လေထုကို သန့်စင်ပေးနိုင်သည့်အပြင် အောက်ဆီဂျင် ၂၆၇ ပေါင်ကို ထုတ်ပေးနိုင်သည်။

ထို့ပြင် သစ်ပင်များ များစွာရှိသော အိမ်နီးချင်းနိုင်ငံများရှိ နိုင်ငံသားများသည် သစ်ပင်များမရှိသည့် အိမ်နီးချင်းနိုင်ငံသားများထက် ရာဇဝတ်မှုများတွင် သိသိသာသာလျော့နည်းသည်ကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါအကြောင်းအရာကိုအခြေခံပြီး အစိမ်းရောင်နေရာလေးများသည် လူသားတို့ကို စိတ်ဖိစီးမှုလျော့နည်းစေပြီး သဘာဝတရားကြီးနှင့် ထိတွေ့ဆက်ဆံမှုပိုများစေသည်ဟု စိတ်ပညာပိုင်းဆိုင်ရာသုတေသီများက ယူဆကြသည်။ ထိုသည်က လူသားတို့ကို အချင်းချင်းယုံကြည်မှုများ တိုးပွားလာစေပြီး လေ့လာချက်များအရ သဘာဝတရားနှင့် ထိတွေ့မှုများလေလေ ထိတွေ့သူသည် မှတ်ဉာဏ်ပိုင်းဆိုင်ရာပိုမိုကောင်းမွန်လေလေဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုများကို ရရှိပိုင်ဆိုင်နိုင်သည်ဟုဆိုထားကြသည်။ ဆေးရုံတက်နေသောလူနာများ၏ ပြတင်းပေါက်များအနီး၌ စိမ်းစိုနေသောသစ်ပင်များကို အမြဲတမ်းတွေ့မြင်နေရခြင်းသည် ကျန်းမာရေးကို အမြန်ကောင်းစေပြီး ပုံမှန်ဆေးရုံဆင်းရမည့်ရက်ထက် ဆေးရုံစောဆင်းရကြောင်း ဆေးပညာရပ်ပိုင်းဆိုင်ရာ လေ့လာချက်တစ်ခုတွင် ဖော်ပြထားသည်။

အရိပ်နှင့် လေကာနိုင်စွမ်းရှိသောသစ်ပင်များသည် နွေရာသီ၏ ပူပြင်းလှသောနေ့ရက်များတွင် လူသားများအတွက် အိုအေစစ်များပင်ဖြစ်သည်။ လူဦးရေ တစ်မီလီယံကျော်နေထိုင်သောမြို့များ၌ တစ်နှစ်ပတ်လုံး ပျမ်းမျှလေထုအပူချိန်သည် လူဦးရေ တစ်မီလီယံအောက်နေထိုင်သည့်နေရာများထက် ၁ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်မှ ၅ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်ထိ ပိုမိုပူနွေးလေ့ရှိသည်။ ထိုသို့ အပူချိန်ပိုမိုပူနွေးမှုကို သစ်ပင်များစိုက်ပျိုးခြင်းဖြင့် လျှော့ချနိုင်သည်။ ထို့ပြင် သစ်ပင်များသည် မုန်တိုင်းများနှင့် လှိုင်းများဒဏ်ကိုကာကွယ်ရန် စီမံခန့်ခွဲရာတွင်လည်း အရေးပါသည်။ တောရိုင်းတိရစ္ဆာန်များအတွက် သစ်ပင်များသည် အစားအစာ၊ အကာအကွယ်၊ အသိုက်အမြုံနေစရာအဖြစ် တည်ရှိနေသည့်အတွက် သစ်ပင်များသည် ကမ္ဘာမြေကြီးပေါ်က သက်ရှိမျိုးစုံရှင်သန်နေထိုင်ခြင်းအတွက် ထောက်ပံ့ပေးထားသည်။ ထိုသို့ အဖိုးတန်ပြီး လူသားတို့အတွက် ကောင်းကျိုးများစွာပေးစွမ်းနိုင်သော သစ်ပင်များ ပြုန်းတီးမှုမှ ကာကွယ်ပေးခြင်းသည် လူသားတို့အတွက်သာမက သစ်ပင်သစ်တောများကို မှီခိုနေထိုင်နေရသည့်သတ္တဝါများအတွက်ပါ ကာကွယ်စောင့်ရှောက်ရာလည်း ရောက်သည့်အပြင် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် လေထုညစ်ညမ်းမှုလျှော့ချပေးနိုင်သည့်အတွက် သစ်ပင်များထိန်းသိမ်းစိုက်ပျိုးကြရန်မှာ လူသားတိုင်းတွင် တာဝန်ရှိကြောင်း ရေးသားအပ်ပါသည်။

❖ ကမ္ဘာ့လေထု၏ အဓိကပြဿနာဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ အဆမတန်များလွန်းခြင်းကို ဖြေရှင်းရန် အလွယ်ကူဆုံးနှင့် ကုန်ကျစရိတ်အသက်သာဆုံးနည်းလမ်းမှာ သစ်ပင်များစိုက်ပျိုးခြင်းပင်ဖြစ်သည်။ သစ်ပင်ဟုဆိုရာတွင် အစိမ်းရောင်ရှိသည့် အသေးငယ်ဆုံးအပင်များမှသည် နှစ်ရာကျော်အသက်ရှည်သည့် သစ်ပင်ကြီးများထိ ပါဝင်သည်။ သစ်ပင်များသည် လေထုထဲတွင်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူကာ အောက်ဆီဂျင်ကို ပြန်ထုတ်ပေးသည်။ ထို့အတွက်ကြောင့် သစ်ပင်များသည် ကျွန်ုပ်တို့ကမ္ဘာကြီး၏ရာသီဥတုကို ပုံမှန်ဖြစ်နေအောင် ထိန်းသိမ်းရာတွင် အလွန်အရေးပါလှသည်။ ❖

**ကိုးကား**

– **သစ်ပင်ကြီးတစ်ပင်၏ အကျိုးကျေးဇူးများ (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**

# ပုသိမ်မြို့နယ်တွင် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀ ထိ ဈေးကောင်းရရှိနေ



**ပုသိမ် အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပုသိမ်မြို့နယ် စားသောက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်နွယ်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ပြီးခဲ့သည့် ဩဂုတ်လနှင့် စက်တင်ဘာလက ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၂၅၀၀၀ ထိသာ ဈေးရှိခဲ့ပြီး အောက်တိုဘာလအတွင်း ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါဒေသတွင် ဈေးကောင်းရရှိလာသည့် ငရုတ်သီးခြောက်များသည် နွေငရုတ်သီးခြောက်လက်ကျန်များဖြစ်ကြောင်း သိရသည်။

"လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေက နွေငရုတ်သီးခြောက် လက်ကျန်တွေပါ။ လက်ရှိ ငရုတ်သီးခြောက်ဈေးကလဲ နည်းနည်းကောင်းလာတယ်။ ငရုတ်သီးခြောက်က လက်ရှိ ဈေးကောင်းနေတဲ့အပြင် အရောင်းအဝယ်ပါ ကောင်းနေပါတယ်။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေ မှိုကင်းရှင်းပြီး သန့်ရှင်းပါတယ်"ဟု ပုသိမ်မြို့နယ် စားသောက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်နွယ်က ပြောပြသည်။

ပုသိမ်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့် လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသတွင် တောင်သူတစ်ဦးလျှင် ငရုတ် တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကံမမြို့နယ် အထက်မီးပေါက်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကံမ အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အထက်မီးပေါက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဝေ၊ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် ဝန်ထမ်းများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ အထက်မီးပေါက်ကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရေသန့်စင်စက်တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကံမမြို့နယ် အထက်မီးပေါက်ကျေးရွာ၌ အရှည်ပေ ၂၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း မြေနီလမ်းခင်းခြင်းလုပ်ငန်း၊ တစ်နာရီ ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁ ဒသမ ၃ သန်း အသုံးပြု၍ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဝေထံမှ သိရသည်။ **ကိုနိုင်**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၁၉၂ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၁၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၂၅၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပဲပုပ်ဧက ၁၂၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိတော့ ပဲပုပ်ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် အသိပညာပေးတာတွေလဲ ဆောင်ရွက်လျက်ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပဲပုပ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၁၄၉ ဧက၊ ဆွမ္မရာမြို့တွင် ငါးဧက၊ လဟယ်မြို့နယ်တွင် ၄၆၆ ဧက၊ ထန်ပါခွေမြို့တွင် ၁၁၅ ဧက၊ နန်းယွန်းမြို့နယ်တွင် ၁၅၅ ဧက၊ ဒုံဟီးမြို့တွင် ၂၃၁ ဧကနှင့် ပန်ဆောင်မြို့တွင် ၇၁ ဧက စုစုပေါင်း ၁၁၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၃၂၂ ဧက၊ လဟယ်မြို့နယ်တွင် ၃၄၉ ဧက၊ ထန်ပါခွေမြို့တွင် ၁၂၂ ဧက၊ နန်းယွန်းမြို့နယ်တွင် ၁၄၂ ဧက၊ ဒုံဟီးမြို့တွင် ၂၅၂ ဧကနှင့် ပန်ဆောင်မြို့တွင် ၇၁ ဧက စုစုပေါင်း ၁၂၅၈ ဧကဖြစ်ကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က ပဲပုပ်စိုက်ခင်းကို တွေ့ရစဉ်။

# လှည်းကူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လှည်းကူး အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မရမ်းချောင်ကျေးရွာအုပ်စု ရေနက်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီ ရွေးချယ်ရာတွင် လိုက်နာရန်အချက်များနှင့် ကော်မတီဝင်များ၏တာဝန်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ကိုမြင့်**

# ကျောက်မဲမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျောက်မဲ အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ခွင့်ပြုရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျောက်မဲမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်၊ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆမ်သိန်းနှင့် တာဝန်ရှိများသည် ကျေးရွာကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်းဆာကျေးရွာနှင့် နမ့်ဟူး (ပလောင်)ကျေးရွာတို့တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ကုန်းဆာကျေးရွာ၌ လမ်းအရှည် ၅၆၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂ သန်းဖြင့်လည်းကောင်း၊ နမ့်ဟူး(ပလောင်)ကျေးရွာလမ်း အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် အောက်တိုဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆမ်သိန်းထံမှ သိရသည်။

**ငြိမ်းသူ(စလင်း)**


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ


## လောဘကြီးသော မြေခွေး

မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ်ပြောပြမဲ့ ပုံပြင်လေးကတော့ လောဘကြီးသော မြေခွေးလို့ အမည်ရသတဲ့ကွယ်။ ဟိုးရှေးရှေးတုန်းက တောအုပ်အတွင်းမှာ ခန္ဓာကိုယ်ကြီးကြီး မြေခွေးတစ်ကောင်ရှိသတဲ့။ အဲဒီမြေခွေးကြီးဟာ အစားအသောက်ကြီးသလို လောဘလဲကြီးတာပေါ့။ ဒါကြောင့် အဲဒီတောအုပ်မှာရှိတဲ့ သမင်၊ ဒရယ်၊ ယုန်စတဲ့တိရစ္ဆာန်ကလေးတွေကို တစ်နေ့ နှစ်ကောင်လောက် ဖမ်းယူစားသောက်သတဲ့။ နေ့ဘက်မှာ တိရစ္ဆာန်ကလေးတွေကို ဖမ်းရတာမလွယ်တော့ ညဘက်မှာ ဖမ်းသတဲ့ကွယ်။ ညဘက်မှာ မြေခွေးကြီးရဲ့မျက်လုံးဟာ တိရစ္ဆာန်ကလေးတွေကို အလွယ်တကူမြင်ရသတဲ့။ ဒါကြောင့် အမှောင်ထုကိုအားကိုးပြီး မျက်လုံးရဲ့အစွမ်းနဲ့ တိရစ္ဆာန်ကလေးတွေကို ဖမ်းယူစားသောက်သတဲ့ကွယ်။ အဲဒီလိုနေ့တိုင်းဖမ်းတော့ တောအုပ်ထဲမှာ တိရစ္ဆာန်ကလေးတွေ နည်းလာတာပေါ့။ တစ်နေ့မှာတော့ မြေခွေးကြီးက စဉ်းစားနေပြန်သတဲ့။

"အင်း နွေရာသီကလဲ ကုန်တော့မယ်။ မိုးရာသီရောက်ရင် စားဖို့သောက်ဖို့ လွယ်ကူမှာမဟုတ်တော့ဘူး။ ငါဖမ်းစားလို့ တိရစ္ဆာန်ကလေးတွေလဲ ကုန်သလောက်ပဲ။ အင်း ဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူး။ အစာရှာထွက်အုံးမယ်ကွာ"ဆိုပြီး အစာရှာထွက်ခဲ့သတဲ့။

ဒီလိုနဲ့ အစာရှာထွက်လာရင်း တောင်ကုန်းတစ်ခုပေါ်ကို တက်သွားသတဲ့။ တောင်ကုန်းပေါ်ရောက်ရင်ပဲ အစိမ်းရောင်မြက်ခင်းပြင်ကို တွေ့သွားတာပေါ့။ အဲဒီမြက်ခင်းစိမ်းပေါ်ကနေ မြေခွေးကြီးဟာ ဆက်လျှောက်သွားတော့ မြက်တွေကိုစားနေတဲ့ သိုးတစ်အုပ်ကို တွေ့သွားသတဲ့။ အဲဒါနဲ့ သိုးတွေရဲ့ အခြေအနေကို စောင့်ကြည့်နေရင်း နေဝင်သွားသတဲ့ကွယ်။ မြေခွေးကြီးဟာ သူ့ရဲ့မျက်လုံးကို အားကိုးပြီး ညဘက်မှာ သိုးနှစ်ကောင်ကို ဖမ်းစားလိုက်သတဲ့။ ပြီးတော့ မြေခွေးကြီးဟာ စဉ်းစားပြန်သတဲ့။

"ငါဂူတစ်ဂူ ရှာရမယ်။ ပြီးရင် သိုးတွေကိုဖမ်းပြီး ဂူထဲထည့်မယ်။ မိုးတွင်းရောက်ရင် ငါ့အတွက် စားစရာမပူရတော့ဘူး ဟား. . . ဟား"လို့ မြေခွေးကြီးဟာ သူ့အတွေးနဲ့သူ ရယ်သတဲ့။ ပြီးတော့ သူ့လုပ်ငန်းကို စတင်အကောင်အထည်ဖော်တော့တယ်။ အရင်ဆုံး ဂူကိုရှာသတဲ့။ ဂူတစ်ဂူဟာ မြစ်ရဲ့အနားမှာရှိသတဲ့။



မြေခွေးဟာ ဂူကိုတွေ့ပြီး သိုးတွေကိုဖမ်းဖို့ စတင်လှုပ်ရှားသတဲ့ကွယ်။ သိုးတွေကိုဖမ်းလိုက် ဂူထဲသွင်းလိုက်၊ သိုးတွေကိုဖမ်းလိုက် ဂူထဲသွင်းလိုက်နဲ့လုပ်နေတာပေါ့။ သိုးတွေပျောက်နေတဲ့အကြောင်း သိုးမကြီးတွေဟာ သိုးခေါင်းဆောင်ကြီးကို ပြန်ပြောပြသတဲ့ကွယ်။ သိုးခေါင်းဆောင်ကြီးဟာ အကြောင်းအကျိုးကို ဆင်ခြင်ပြီး သိုးတွေ ဘာကြောင့်ပျောက်နေသလဲ သိရှိဖို့ သိုးတွေနဲ့ မနီးမဝေးချုံမှာပုန်းပြီး အကဲခတ်ကြည့်သတဲ့။ အဲဒီအချိန် မြေခွေးကြီးက သိုးတစ်ကောင်ကိုဖမ်းပြီး မြစ်ကမ်းဘေးကဂူထဲ ထည့်လိုက်တာကို မြင်သွားတာပေါ့။ အဲဒီအချိန် သိုးခေါင်းဆောင်ကြီးဟာ မြေခွေးကြီးဆီကို သွားသတဲ့။ မြေခွေးနဲ့တွေ့တဲ့အခါ-

"အသင် မြေခွေး။ သင်ဟာ အင်မတန်ခွန်အားဗလနဲ့ ပြည့်စုံတယ်။ ညအမှောင်ကို ဖောက်ထွင်းမြင်နိုင်တဲ့ မျက်လုံးတွေကို ပိုင်ဆိုင်ထားတယ်။ ဒါကြောင့် မြေခွေးကြီးဆီမှာ အလုပ်အကျွေးပြုပါရစေ"လို့ ပြောသတဲ့။

အဲဒီအခါ မြေခွေးက "ဟား. . . ဟား မင်းကိုငါစားမှာမကြောက်ဖူးလားကွ"လို့ပြောတဲ့အခါ-

သိုးခေါင်းဆောင်ကြီးက "ကြောက်တာပေါ့ မြေခွေးကြီးရယ်။ ဒါကြောင့် မြေခွေးကြီးစားဖို့ သိုးတွေရှိတဲ့နေရာကို ပြောပြပါ့မယ်။ ကျွန်တော့်အသက်ကို ချမ်းသာပေးပါ။ မြေခွေးကြီးကိုလဲ အကြံတစ်ခုပေးပါရစေလား"လို့ပြောပြီး သူ့အကြံကိုပြောသတဲ့။

"မြေခွေးကြီးခင်ဗျ။ ဒီတောဟာ မြေခွေးကြီး ပိုင်ဆိုင်သလိုပါပဲ။ ဒါကြောင့် ဒီတောမှာရှိတဲ့ တိရစ္ဆာန်ကလေးတွေကို ဘယ်အချိန်ဖမ်းစားစား မြေခွေးကြီးအတွက် အခက်အခဲမရှိပါဘူး။ အခုအချိန်ဟာ တိရစ္ဆာန်အမတွေမှာ ကိုယ်ဝန်ရှိတဲ့အတွက် မြေခွေးကြီးဖမ်းစားရင် နောင်အခါ ဒီတောမှာ တိရစ္ဆာန်ကလေးတွေ မရှိသလောက်ရှားပါလိမ့်မယ်။ ဒါကြောင့် အခုအချိန် မြေခွေးကြီးမစားဘဲထားရင် အဲဒီသားပေါက်ကလေးတွေဟာ တဖြည်းဖြည်းကြီးလာပြီး မြေခွေးကြီးအတွက် အစာလုံလုံလောက်လောက်ရမှာပါ။ ဒီဂူမှာ ဖမ်းထားတဲ့သိုးတွေကို ပိတ်ထားပြီး မြစ်ရဲ့ဟိုဘက်ကမ်းက တိရစ္ဆာန်တွေကို ဖမ်းယူစားသောက်ပါလား။ ဟိုဘက်ကမ်းမှာ တိရစ္ဆာန်ကလေးတွေပေါတယ်ခင်ဗျ။ ကျွန်တော်ဟာ မြေခွေးကြီးကို ကျောပေါ်တင်ပြီး ဟိုဘက်ကမ်းကို ပို့ပေးမယ်ဗျာ"လို့ပြောသတဲ့။

အဲဒီလိုပြောတဲ့အချိန် သိုးခေါင်းဆောင်ကြီးရဲ့စကားကို မြေခွေးကြီးက ယုံသွားသတဲ့။ အဲဒါနဲ့ အစားကြီး၊ လောဘကြီးတဲ့ မြေခွေးဟာ စားရမဲ့တိရစ္ဆာန်ကလေးတွေကိုတွေးပြီး သွားရည်တွေကျလာတာပေါ့။ ဒါကြောင့် ဟိုဘက်ကမ်းကိုသွားဖို့ သိုးခေါင်းဆောင်ကြီးရဲ့ကျောပေါ်ကို တက်သတဲ့။ မြေခွေးကြီးရဲ့သွားရည်တွေက သိုးခေါင်းဆောင်ကြီးရဲ့ မျက်နှာပေါ်ကျလာတာပေါ့။ မြစ်ကိုဖြတ်နေတုန်း မြစ်လယ်ရောက်တဲ့အချိန် သိုးခေါင်းဆောင်ကြီးက စဉ်းစားသတဲ့။

"ဒီမြေခွေးဟာ အစားအသောက်ကြီးတယ်။ ငါဟိုဘက်ကမ်းကို ပို့လိုက်ရင် ဟိုဘက်ကမ်းက တိရစ္ဆာန်ကလေးတွေ သေကြတော့မယ်။ ငါ မြေခွေးကြီးကို ရေလယ်ခေါင်ချခဲ့မယ်ကွာ"လို့တွေးပြီး မြေခွေးကြီးကို မြစ်လယ်မှာပစ်ချခဲ့ပြီး သိုးတွေဆီ ရောက်အောင်ပြန်ကူးလာသတဲ့ကွယ်။ အစားအသောက်မှာ လောဘကြီးတဲ့ မြေခွေးကြီးဟာ ရေမကူးတတ်ဘဲ ရေနစ်ပြီး သေသွားသတဲ့ကွယ်။ ဂူထဲကသိုးတွေဟာ သိုးခေါင်းဆောင်ကြီး ကယ်တင်ခဲ့လို့ အသက်ဘေးက လွတ်မြောက်လာသတဲ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲ သားသားမီးမီးတို့ရေ။

ဒါကြောင့် သားသားမီးမီးတို့လဲ မှတ်ထားကြနော်။ လောကမှာ လောဘကြီးတဲ့သူဟာ သူတစ်ပါးလိမ်ညာတာကို အလွယ်တကူခံရသလို အသက်ကိုလဲ ဆုံးရှုံးရနိုင်တယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

## ဆီမီးထွန်းညှိပူဇော်ပွဲ

◆ သီတင်းကျွတ်ရဲ့ လရာသီ
အိမ်တိုင်း စီစီရီ၊
ဆီမီးနီနီ ထွန်းညှိကြ
ပူဇော်မြတ်ဗုဒ္ဓ။

◆ ကောင်းကင်ထက်က ဓူဝံကြယ်
ညချမ်းချိန်ခါဝယ်၊
လမင်းနှင့်ရယ် မီးပုံးများ
လှပလင်းဖြာသွား။
သီတင်းကျွတ်ပျော်ပါး။ ။

**အင်ကြင်း(တံတားမြို့)**



## မင်္ဂလာနံနက်ခင်း

◆ အရှေ့ဆီက နေလုံးနီ
ဖြန့်ကြက်ကမ္ဘာဆီ၊
တေးဆိုညံစီ ကျေးငှက်များ
မြူးပျော်နေကြသား။

◆ တရားသံနှင့် ကြေးစည်သံ
နံနက်တိုင်းအချိန်မှန်၊
လောင်းလှူကြရန် ဆွမ်းနှင့်ဟင်း
ချက်ပြုတ်နံနက်ခင်း။

◆ သက်ဝင်လာရင်း ရွာလမ်းမှာ
လုပ်သားများ သူငါ၊
ကြိုဆိုကာရယ် နံနက်ခင်း
မင်္ဂလာရှိခြင်း။ ။

**မိုးမြင့်စံ(မေတ္တာရိပ်)**



# အိုက်စလန်နိုင်ငံ ရေးကျာနက်စ်ကျွန်းဆွယ်တွင် အသေးစားမြေငလျင်များ အကြိမ်ပေါင်းများစွာလှုပ်ခတ်မှုကြောင့် မီးတောင်များသက်ဝင်လှုပ်ရှားမှုနှုန်းမြင့်တက်လာ



**ရိန်းစ်ကျာဗစ်ခ် အောက်တိုဘာ ၂၈**

အိုက်စလန်နိုင်ငံ ရေးကျာနက်စ်ကျွန်းဆွယ်တွင် အောက်တိုဘာ ၂၆ ရက်မှစ၍ အသေးစားမြေငလျင်များ အကြိမ်ပေါင်းများစွာလှုပ်ခတ်မှုကြောင့် ရေးကျာနက်စ်ကျွန်းဆွယ်ရှိမီးတောင်များ သက်ဝင်လှုပ်ရှားမှုနှုန်း မြင့်တက်လာသည်ဟု အိုက်စလန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အိုက်စလန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏ထုတ်ပြန်ချက်အရ သုံးရက်တာကာလအတွင်း ရေးကျာနက်စ်ကျွန်းဆွယ်တွင် အသေးစားမြေငလျင်လှုပ်ခတ်မှု အကြိမ်ပေါင်း ၅၅၀၀ ကျော်ထိ လှုပ်ခတ်ခဲ့ကြောင်း၊ မြေငလျင်လှုပ်ခတ်မှုမှာ မသိသာသော်လည်း မီးတောင်များအတွင်း သက်ဝင်လှုပ်ရှားမှုကို ဖြစ်စေကြောင်း၊ အသေးစားမြေငလျင်လှုပ်ခတ်မှုသာဖြစ်သော်လည်း ပုံမှန်မဟုတ်သည့်မြေငလျင်လှုပ်ခတ်မှုဖြစ်သည့်အတွက် မီးတောင်အန္တရာယ်ကို စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း သိရသည်။

"ရေးကျာနက်စ်ကျွန်းဆွယ်မှာ မီးတောင်တွေများတယ်။ မြေငလျင်ကြောရှိပေမဲ့ လက်ရှိမြေငလျင်လှုပ်ခတ်မှုတွေဟာ ပုံမှန်မဟုတ်တဲ့ မြေငလျင်လှုပ်ခတ်မှုတွေဖြစ်ပါတယ်။ မြေငလျင်ကြောင့် မီးတောင်တွေမှာ သက်ဝင်လှုပ်ရှားမှုတွေ ရှိနေတဲ့ လက္ခဏာတွေ ပြသလာတယ်။ မြေငလျင်တွေဟာ မြေအောက်အနက် ငါးကီလိုမီတာလောက်ကနေ ဗဟိုပြုလှုပ်ခတ်လာတဲ့ မြေငလျင်တွေလဲဖြစ်ပါတယ်။ ဒီအခြေအနေအတိုင်းသာဆိုရင်တော့ လာမဲ့တစ်နှစ်အတွင်းမှာ ဆိုးရွားတဲ့ မီးတောင်ပေါက်ကွဲမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ကျွန်တော်တို့သုတေသီအဖွဲ့အနေနဲ့လဲ မီးတောင်တွေရဲ့အခြေအနေကို အချိန်ပြည့်စောင့်ကြည့်သွားမှာဖြစ်ပါတယ်"ဟု အိုက်စလန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ သုတေသီ မက်သရူးရောဘတ်က ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# တောမီးလောင်ကျွမ်းနေသည့် ကွင်းစလန်းပြည်နယ်တွင် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းမိန့်မရသည့်ကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်မည်

**ကင်ဘာရာ အောက်တိုဘာ ၂၈**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းမိန့် မရသည့်ကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်မည်ဖြစ်ကြောင်း ကွင်းစလန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် နေအိမ်များသို့ ကူးစက်လောင်ကျွမ်းသဖြင့် ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော်လည်း အန္တရာယ်ဇုန်အတွင်းနေထိုင်သည့် ဒေသခံတချို့မှာ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ခြင်းမရှိသဖြင့် ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ဒေသခံများကို မေးမြန်းခဲ့ရာ ဘေးလွတ်ရာရွှေ့ပြောင်းမိန့် မရခဲ့ကြောင်း သိရသည့်အတွက် ရွှေ့ပြောင်းမိန့်ထုတ်ပြန်သည့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းကို စုံစမ်းစစ်ဆေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် တာရာနယ်မြေတွင် အဓိကဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နေအိမ် ၁၆ လုံး တောမီးကူးစက်လောင်ကျွမ်းခဲ့ကာ ဒေသခံဦးရေ ၃၅၀ ကျော်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။



"တောမီးလောင်ကျွမ်းမှုကို စတင်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါပေမဲ့ ဘေးလွတ်ရာရွှေ့ပြောင်းမိန့် ထုတ်ပြန်ချိန်မှာ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ပျက်ကွက်ခဲ့ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းမိန့်ကို လိုက်နာဖို့ပျက်ကွက်ခဲ့တဲ့ဒေသခံတွေကို မေးမြန်းကြည့်တော့ သတိပေးချက်ထုတ်ပြန်တာကို မသိခဲ့သလို ညွှန်ကြားချက်ကို လက်ခံရရှိခဲ့တာမရှိဘူးလို့ သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းမိန့်ထုတ်ပြန်တဲ့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းကို စုံစမ်းစစ်ဆေးမှုပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ကွင်းစလန်း အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့စဉ် ဘေးလွတ်ရာ ရွှေ့ပြောင်းမိန့် ထုတ်ပြန်ခဲ့သော ဒေသများမှာ တာရာနယ်မြေ၊ ဝီအမ်ဘီလာနယ်မြေနှင့် အနီးပတ်ဝန်းကျင်နယ်မြေတို့ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဗြိတိသျှကိုလံဘီယာတွင် မိုးခေါင်မှုနှင့် တောမီးလောင်ကျွမ်းမှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်နိုင်

**အော့တာဝါ အောက်တိုဘာ ၂၈**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် မိုးခေါင်သည့်ပြဿနာအပြင် တောမီးလောင်ကျွမ်းမှုများကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပုံမှန်အတိုင်းလည်ပတ်ရန် အခက်အခဲရှိနေပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုများကြောင့် ဓာတ်တိုင်များ မီးလောင်ကျွမ်းပျက်စီးမှုများ ရှိနေသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် လျှပ်စစ်မီးပြတ်တောက်မှုများဖြင့်ရင်ဆိုင်နိုင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်ထားရန် ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"နွေရာသီကာလအတွင်း အပူချိန်မြင့်တက်မှုနဲ့ တောမီးလောင်ကျွမ်းမှုပြဿနာကြောင့် သစ်တောကြိုးဝိုင်းတွေပျက်စီးလာတဲ့ အခြေအနေနဲ့ရင်ဆိုင်ခဲ့ရတယ်။ တောမီးလောင်ကျွမ်းမှုတွေကြောင့် သစ်ပင်ကြီးတွေ မီးလောင်ပျက်စီးခဲ့သလို သစ်ပင်ကြီးတွေ လဲကျမှုကြောင့်လဲ ဓာတ်တိုင်တွေ တော်တော်များများ ပျက်စီးခဲ့တယ်။ မိုးမရွာတဲ့အတွက်ကြောင့်လဲ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ ပုံမှန်အတိုင်းလည်ပတ်နိုင်ဖို့ ခက်ခဲနေတယ်။ ဒါကြောင့် လျှပ်စစ်မီးပြတ်တောက်မှုတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်"ဟု ဗြိတိသျှကိုလံဘီယာပြည်နယ် ရေအားလျှပ်စစ်ထုတ်လုပ်မှုဆိုင်ရာအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဆူဇီရိုက်ဒါက ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

## ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ် အမည်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။



၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့နိုင်ပါ။



## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ် ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



# ယခုဘဏ္ဍာနှစ် စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၃၉ သန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းတန်ချိန် ၂၀၀၀ ခန့် တင်သွင်းခဲ့



**နေပြည်တော် အောက်တိုဘာ ၂၈**

ယခုဘဏ္ဍာနှစ် စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၃၉ သန်းကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းတန်ချိန် ၂၀၀၀ ခန့် တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ယခင်က နိုင်ငံပိုင် BPI ဆေးဝါးစက်ရုံတစ်ခုတည်းသာရှိခဲ့ပြီး ယခုအခါနိုင်ငံပိုင် ဆေးဝါးစက်ရုံများကို တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ မြန်မာနိုင်ငံတွင် နိုင်ငံပိုင် ဆေးဝါးစက်ရုံ ငါးရုံ၊ ပုဂ္ဂလိကပိုင်ဆေးဝါးစက်ရုံ ခုနစ်ရုံထိ တိုးတက်ဖြစ်ပေါ်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးဝါးစက်ရုံများမှ ဆေးဝါးအမျိုးအစား ၃၆၂ မျိုး ထုတ်လုပ်ပေးလျက်ရှိသော်လည်း ဆေးဝါးစက်ရုံများ၏ ဆေးဝါးထုတ်လုပ်နိုင်မှုမှာ ပြည်တွင်းလိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းအောက်တွင်သာ ရှိနေကြောင်း၊ ထို့ကြောင့် ပြည်တွင်းလိုအပ်ချက်အရ ဆေးဝါးများကို ပြည်ပမှ တင်သွင်းနေရကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆေးဝါးနှင့် ဆေးပစ္စည်းများ သွင်းကုန်လိုင်စင် လျှောက်ထားရာတွင် အဆင်ပြေလွယ်ကူစေရေးအတွက် Negative List တွင်ပါဝင်ခြင်း မရှိသည့် ဆေးဝါးများနှင့် ဆေးပစ္စည်းများကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ ဆေးဝါးများနှင့် ဆေးပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ သွင်းကုန်လိုင်စင်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်နေမှုများအရ ယခုဘဏ္ဍာနှစ် စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၄၉၈ သန်းတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းတန်ချိန် ၂၀၀၀ ခန့် တင်သွင်းခဲ့ကြောင်း၊ ထိုသို့တင်သွင်းရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက တင်သွင်းခဲ့ခြင်းဖြစ်ပြီး အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘရာဇီး၊ တရုတ်၊ ဆိုက်ပရပ်စ်၊ အီကွေဒေါ၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အိုင်ယာလန်၊ အီတလီ၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ နယ်သာလန်၊ ပါကစ္စတန်၊ စပိန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ပေါ်တူဂီ၊ ထိုင်း၊ အမေရိကန်၊ ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ SKL

# တောင်တွင်းကြီးမြို့နယ် လက်တက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန်ရည်ရွယ်၍ လက်တက်ကျေးရွာအုပ်စု လက်တက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ရေရရှိရေးကော်မတီဝင်များနှင့်အတူ လက်တက်ကျေးရွာ၌ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရေရရှိရေးကော်မတီဝင်များ၊ ရွှေပန်းအောင်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လက်တက်ကျေးရွာ၌ ရေရရှိရေးအတွက် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း၊ သုံးလက်မ PVC ပိုက်အရှည်ပေ ၁၀၀၀၊ နှစ်လက်မ PVC ပိုက်အရှည်ပေ ၃၀၀၀ နှင့် တစ်လက်မခွဲ PVC ပိုက်အရှည်ပေ ၁၇၀၀ရှိ အိမ်တိုင်ရာရောက် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၃၃ သန်းဖြင့် ရွှေပန်းအောင်ကုမ္ပဏီက ယခုနှစ် ဩဂုတ်လ တတိယပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပါက လက်တက်ကျေးရွာရှိ အိမ်ခြေ ၃၂၂ အိမ်၊ လူ ၁၂၄၂ ဦးတို့ သန့်ရှင်းသောသောက်သုံးရေကို အလွယ်တကူရရှိမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **နေ့ယဉ်**












## ဝန်ထမ်းအလိုရှိသည်

| | | | | |
|---|---|---|---|---|
| 1. | စာရင်းကိုင် | (ကျား/မ) | (2) | ဦး |
| 2. | အရောင်းစာရေးမ | | (1) | ဦး |
| 3. | စက်ရုံကြီးကြပ် | | (1) | ဦး |
| 4. | မြို့တွင်း Driver | | (2) | ဦး |
| 5. | Marketing Driver | | (2) | ဦး |
| 6. | အထွေထွေဝန်ထမ်း | (ကျား/မ) | (5) | ဦး |

- အမှတ်စဉ် (1), (2), (3) အတွက် ဘွဲ့ရဖြစ်ရမည်။ စကားပြောဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။ အလုပ်ကို အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။ စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- အမှတ်စဉ် (4), (5) အတွက် လိုင်စင်သက်တမ်း (3)နှစ်နှင့် အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။
- စိတ်ပါဝင်စားပါက CV Form, အိမ်ထောင်စုဇယားမိတ္တူ၊ ထောက်ခံစာ၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူတို့နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

*** အိမ်နေ/အိမ်စားများလည်းလျှောက်ထားနိုင်ပါသည်။ ***

ဆက်သွယ်ရန်။ ။ အမှတ်(14)၊ 85 လမ်း၊ 28×29၊ မန္တလေးမြို့။
02-4069291 , 09-5069199

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ သပိတ်ကျင်းမြို့နယ်၊ ဝါးရုံကုန်းကျေးရွာနေ မနန်းအိသဲဖြူ (၉/သပက(နိုင်)၀၉၅၅၃၂)၏ ဖခင် ဦးမောင်အေး (၉/သပက(နိုင်)၀၉၇၆၇၅)နှင့် ဦးအေး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်အေး(ခ)ဦးအေး(၉/သပက(နိုင်)၀၉၇၆၇၅)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ကံကြီးကျေးရွာနေ မထိုက်ထိုက်လင်း (၉/တတဉ(နိုင်)၁၀၃၁၇၁) ၏ဖခင် ဦးတိုးမောင်(၉/တတဉ(နိုင်)၀၂၈၃၉၀)နှင့် ဦးရွှေမျိုး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတိုးမောင်(ခ)ဦးရွှေမျိုး(၉/တတဉ(နိုင်)၀၂၈၃၉၀)**

### ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ ခရစ်ယာန်ရပ်ကွက်နေ ဦးသန်းထွေး (ဘ) ဦးသန်းမောင် (၉/မရမ(နိုင်)၀၈၃၅၄၉) ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၅၈၀၀၂၆၈

### ပျောက်ဆုံးကြောင်း

မုံရွာမြို့နေ မောင်အောင်ခန့်ကျော် (ဘ) ဦးခင်မောင်သိန်း(၅/မရန(နိုင်)၃၃၆၆၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-612451)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၈၅၈၂၇၇၂

## ဥတု ရာသီ တောက်ပိုမှ

## စာပေမြင့်မှ လူမျိုးတင့်မည်

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာအုပ်စာပေများထဲက လူသားတို့အတွက် မှန်ကန်သည့် အသိဉာဏ်ရင့်သန်မှုကို ပေးနိုင်စွမ်းရှိ၍ မောင်တို့မယ်တို့အနေဖြင့် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်ရန်လိုအပ်…

❖ ငယ်စဉ်ဘဝထဲက စာကောင်းပေမွန်များ ဖတ်ရှုခြင်းအားဖြင့် မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်နှင့် ဉာဏ်ပညာများ ကိန်းအောင်းနိုင်စေရန် အခြေခံစိတ်ဓာတ်ကောင်းများလည်း ရရှိစေမည်ဖြစ်…

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၁၉ ရက်တွင် ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်) (၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်လှူပွဲတော် ဆင်အကအလှပြိုင်ပွဲဖွင့်ပွဲကျင်းပ



**မန္တလေး၊ အောက်တိုဘာ ၂၈**

အနော်ရထားမင်းလက်ထက်မှစတင်၍ ရိုးရာမပျက်ကျင်းပလာသည့် နှစ်ပေါင်း ၉၀၀ကျော်ရှိပြီဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်လှူပွဲတော် ဆင်အကအလှပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဆင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက **စာမျက်နှာ ၁၇ ကော်လံ ၃☆**



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်အား မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563